# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၁၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato' Seri Utama Haji Mohamad Bin Haji Hasan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❏




## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❑ *ရွှေဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Tan Sri Othman Hashim နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်**

ထိုသို့တွေ့ဆုံရာတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်နေမှုများအား တွေ့ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ အာဆီယံအနေဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အားလုံးပါဝင်သည့် ရွေးကောက်ပွဲဖြစ်စေရန် အကြံပြုပြောကြားလိုပါကြောင်း၊ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကိုလည်း စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ဦးစွာဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ လာရောက်တွေ့ဆုံမှုအတွက် ဝမ်းမြောက်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ၂၀၂၄ ခုနှစ်ကပင် စတင်အသိပေးပြောကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ သဘောထားကွဲလွဲသူများ၊ နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ချိန်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု ရွေးကောက်ပွဲတွင် ဥပဒေနှင့်ကိုက်ညီသည့် နိုင်ငံရေးပါတီ ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်း ၅ ထောင်ကျော်ရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ ယနေ့အချိန်အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသူများကိုလည်း နိုင်ငံရေးလမ်းကြောင်းပေါ်တွင် ပါဝင်လာနိုင်ရေးအတွက် ၃ ကြိမ်ဖိတ်ခေါ်ခဲ့ကြောင်း၊ ယခုလ ၁၅ ရက်နေ့တွင် NCA နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များ၊ NCA လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်အချို့နှင့် နိုင်ငံတကာမှ အသိသက်သေများ တက်ရောက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

○ **မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့်ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

**အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိ**

ထို့နောက် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်သွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အပြုသဘောဆောင်သော ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ/စစ်သည်များ၏ မိသားစုဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် (ဒုတိယ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်သည်။ အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များတွင်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် (ဒုတိယ)အကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(၁) MICC 1 ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူး အသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၆၀ ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မိခင်သေနှုန်း၊ မွေးကင်းစတစ်နှစ်အောက်နှင့် ငါးနှစ်အောက်ကလေးများ သေနှုန်းသည် နိုင်ငံတော်၏ အရေးကြီးသည့် ကျန်းမာရေးအညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း၊ မိခင်နှင့် ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်သည်နှင့်အတူ မိမိတို့နိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းသည်လည်း မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက မိခင်နှင့်ကလေးကျန်းမာရေးကိစ္စ၊ ပြည်သူတစ်ရပ်လုံး ကျန်းမာပြီး သက်တမ်းရှည်စွာ နေနိုင်ရေးကိစ္စများကို ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များအဖြစ် လမ်းညွှန်ထားရှိပါကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ဇနီး ဒေါ်သန်းသန်းနွယ် ပညာရေးကဏ္ဍလှုပ်ရှားမှုအတွက် တတိယဆုရရှိသည့် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ထံ ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ မေတ္တာစမ်းရေဆေးခန်းအပါအဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သားဖွားခန်းများ ဖွင့်လှစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို စောင့်ရှောက်ခြင်း၊ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်း၊ မွေးပြီးမိခင်စောင့်ရှောက်ခြင်းနှင့် သားဆက်ခြားလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူသူများကို ကိုယ်ဝန်လေးလမှစ၍ လစဉ် အာဟာရဃူနစ်နှင့် ကိုယ်ဝန်ဆောင်အားဆေးများ ထောက်ပံ့ပေးခြင်း၊ *စာမျက်နှာ ၅ သို့*



ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အဓိကလုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေးများတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် အသိပညာ၊ အတတ်ပညာများကိုလေ့လာဆည်းပူးပြီး ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဌာန၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် လက်တွဲညီညီ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေး စသည့်ကဏ္ဍကြီး (၄)ရပ်လှုပ်ရှားမှုအတွက် ကဏ္ဍအလိုက် ထူးချွန်ဆုများချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကျန်းမာရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ငါးနှစ်အောက် ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ကြူကြူလှ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ပညာရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လူမှုရေးကဏ္ဍလှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များကိုလည်းကောင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်က စီးပွားရေးကဏ္ဍ လှုပ်ရှားမှုအတွက် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် နေပြည်တော်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့၏ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရဖြစ်စေမည့်အစားအစာများ ထောက်ပံ့ပေးပြီး ငါးနှစ်အောက် ကလေးငယ်များအား အမီလိုက်ကာကွယ်ဆေးများ တိုက်ကျွေးပေးကာ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာလက်မှုပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာကိုလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူးက ၂၀၂၃-၂၀၂၄ ခုနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၂၄-၂၀၂၅ ရသုံးမှန်းခြေစာရင်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။ ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များက ၂၀၂၄ ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများက အကြံပြုချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan သည် မြန်မာနိုင်ငံ နေပြည်တော်သို့ ယနေ့တွင် အလုပ်သဘောခရီးစဉ် လာရောက်သည်။

ခရီးစဉ်အတွင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ယနေ့ခနာရီခွဲတွင် နေပြည်တော်ရှိ Jasmine Hotel ၌ တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**



အဆိုပါ ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိစေရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးနေမှုများ၊ စစ်မှန်ပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ အာဆီယံထုတ်ပြန်ကြေညာချက် (အာဆီယံတူညီဆန္ဒ) (၅) ချက် အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများအတွက် အိမ်နီးချင်းနိုင်ငံများနှင့်သာမက ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အင်အားပြင်းလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးနှင့် ငလျင်ဘေးသင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂနှင့် အာဆီယံတို့ ပါဝင်သည့် သုံးပွင့်ဆိုင်ပင်မအဖွဲ့ (Tripartite Core Group) ဖွဲ့စည်းရေးကိုလည်းထည့်သွင်းဆွေးနွေးသည်။ ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာအာဆီယံ၏ကြိုးပမ်းအားထုတ်မှုများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများတွင် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ၊ အဖွဲ့ဝင်ဖြစ်ချိန်မှစတင်၍ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှ ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများကို မပျက်မကွက် ထမ်းရွက်ခဲ့မှုများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး လက်ရှိအခြေအနေအရ မြန်မာနိုင်ငံအပေါ် ခွဲခြားချန်လှပ်ခြင်းများသည် သင့်လျော်မှုမရှိကြောင်း ထောက်ပြကာ အာဆီယံ၌ မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးများ ပြန်လည်ရရှိစေရေး တိုက်တွန်းဆွေးနွေးသည်။

ယင်းနောက် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းပြောကြားမှုများကို သိရှိမှတ်သားရကြောင်း၊ ၎င်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အခြေအနေများကို တတ်စွမ်းသည့် တစ်ထောင့်တစ်နေရာမှ ကူညီပေးနိုင်ရန်အတွက် လာရောက်ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံ၏ ပင်မအဖွဲ့ဝင်နိုင်ငံ တစ်ခုဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ကြေညာချက် (အာဆီယံတူညီဆန္ဒ) (၅) ချက် အကောင်အထည်ဖော်မှုတွင် ပိုမိုကောင်းမွန်သောရလဒ်များ ရရှိစေရေးအတွက် မြန်မာနိုင်ငံက ဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင် နည်းလမ်းဖြင့် ဆောင်ရွက်မှုများကို ထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ပိုမိုထိတွေ့ဆက်ဆံကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အစည်းအဝေးမတိုင်မီတွင် Jasmine Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**
နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dato’ Seri Utama Haji Mohamad Bin Haji Hasan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပါအဝင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ NCA စာချုပ်ပါ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုအရှိန်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံနှင့်နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**
ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီတူရှိမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမိုင်းဝင်စာချုပ်အဖြစ် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီက ကြီးမှူး၍ နိုင်ငံရေးအနှစ်သာရ ရှိရှိဖြင့် ခမ်းနားစွာကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် MGallery ဟိုတယ်၌ ကျင်းပပြုလုပ်သည်။





ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ NCA (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လုပ်ငန်းကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ အဆင်သင့်ဖြစ်နေပြီဟု မျှော်လင့်ကြောင်း၊ မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မည့် အနေအထားအား အစမ်းလေ့ကျင့်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ယဉ်ကျေးမှုအကအဖွဲ့များ အနေဖြင့် အစမ်းလေ့ကျင့်ရန် လိုအပ်ကြောင်း၊ ပထမပိုင်းတွင် ဖွင့်ပွဲအခမ်းအနားအား ဆောင်ရွက်ပြီး ဒုတိယပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲအား ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း အခမ်းအနားကျင်းပသည့်နေရာသို့ အချိန်မီရောက်ရှိနိုင်ရေး မြေပြင်တွင် အချိန်ကိုက်ကြိုတင်လေ့ကျင့်ထားသင့်ကြောင်း၊ ခန်းမတွင်းနေရာချထားရေး လုပ်ငန်းကော်မတီအနေဖြင့်လည်း လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအစည်းအဝေးအား သုံးကြိမ်ကျင်းပဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီအစည်းအဝေးအား နှစ်ကြိမ်တိုင်တိုင်ပြုလုပ်၍ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများမှ လိုအပ်ချက်များ မရှိစေရေး အသေးစိတ်တင်ပြဆွေးနွေးပေးစေလိုပြီး လိုအပ်ချက်များအား အပြီးသတ်ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနားတက်ရောက်သူများအား အချိန်မီရောက်ရှိရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ ပြခန်းတွင် ရှင်းလင်းမည့် ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ထိထိမိမိ စနစ်တကျရှင်းလင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစေလိုကြောင်း၊ ပြခန်းတွင် ခင်းကျင်းပြသမည့် ဓာတ်ပုံများအား စနစ်တကျ စိစစ်ခင်းကျင်းပြသရန်လိုကြောင်း၊ အခမ်းအနားမှူးများမှ အစီအစဉ်တကျဖြင့် အချိန်ကိုက်ကြေညာပေးရန်လိုအပ်ကြောင်း၊ အခမ်းအနားကို တိုက်ရိုက်ထုတ်လွှင့်ပြသနေမည် ဖြစ်သည့်အတွက် ဂရုတစိုက်စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသည် အရေးကြီးသည့် အခမ်းအနားတစ်ခုဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြီး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲတွင် ၁၀ နှစ်တာကာလအတွင်း NCA ပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် (Forward Action Plan) ကို ဖော်ထုတ်ရန်၊ အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာနိုင်စေရေးအတွက် NCA နှင့်ပတ်သက်သည့် အသိပညာများ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ထိရောက်သောငြိမ်းချမ်းရေးမူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ဒေသတွင်းနှင့်နိုင်ငံတကာမှ သိမြင်လာစေရန်၊ NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ် မြန်မာနိုင်ငံတော်တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်ရန်တို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် သက်ဆိုင်ရာအခန်းကဏ္ဍ၊ အလွှာအသီးသီးမှ အမြင်သဘောထားများ၊ အကြံပြုချက်များကို စုစည်းပြီး အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာမည့် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ပေါင်းစပ်ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
**၇၉**
ရက်
သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

❖ ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊

❖ ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ပြည်တွင်းနှင့် ပြည်ပရှိမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာ

**မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်**
**ပြည်တွင်းနှင့် ပြည်ပရှိမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍**
**အသိပေးကြေညာခြင်း**
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲစတင်ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ပြင်ပတွင်ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရက်တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) သက်ဆိုင်ရာကျောင်း၊ သင်တန်း၊ အချုပ်ခန်းနှင့် ဆေးရုံအကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို မြို့နယ်အလိုက် ပြုစုထားသည့် မှတ်ပုံတင်စာရင်း ပုံစံ (၁၅-က)နှင့်အတူ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁၂-၁၀-၂၀၂၅) ရက်နေ့အရောက်ပေးပို့ရန် **အစား** (၁၇-၁၀-၂၀၂၅) ရက်နေ့အရောက် ပေးပို့ရန်၊

(ခ) မဲစာရင်းပါရှိရာ သက်ဆိုင်ရာမြို့နယ်ပြင်ပရောက် ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website မှ လည်းကောင်း၊ မိမိတို့ရောက်ရှိရာဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှလည်းကောင်း ရယူဖြည့်စွက်ပြီး (၁၂- ၁၀-၂၀၂၅ ) ရက်နေ့အရောက် ယင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပြန်လည်ပေးပို့ရန် **အစား** (၁၇-၁၀-၂၀၂၅ ) ရက်နေ့အရောက် ပြန်လည်ပေးပို့ရန်၊

(ဂ) ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို ကော်မရှင်သို့ နောက်ဆုံးထားပေးပို့ရမည့်နေ့ရက်အား (၁၂-၁၀-၂၀၂၅ ) ရက်နေ့ **အစား** (၁၇-၁၀-၂၀၂၅ ) ရက်နေ့ပေးပို့ရန်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာ

**မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်**
၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ စိစစ်ကြည့်ရှုနိုင်ရန်အတွက် ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့ထိ (၁၄) ရက်ကြာ ကပ်ထားကြေညာလျက်ရှိပါသည်။

၂။ မဲစာရင်းများပြည့်စုံမှန်ကန်စေရန်နှင့် မဲဆန္ဒရှင်များက လိုအပ်သည့်တောင်းဆိုလွှာ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများ တင်ပြရာတွင် အချိန်ပိုမိုရရှိစေရန်အတွက် မဲစာရင်းကို **၁၄-၁၀-၂၀၂၅ ရက်နေ့မှ ၂၀-၁၀- ၂၀၂၅ ရက်နေ့ထိ (၇) ရက် ထပ်မံတိုးမြှင့်** ကပ်ထားကြေညာသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ ( ၄ ) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ၂၀-၁၀-၂၀၂၅ ရက်နေ့ထိ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရွေးကောက်ပွဲနှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက်ပိုစတာ (Billboard) စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇေယျာဥ္စာနီလမ်းနှင့် မန္တလေးလမ်းထောင့် ဇလပ်ဝါကုန်တိုက်အနီး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ရွေးကောက်ပွဲနှိုးဆော် အသိပညာပေး မြေစိုက်ပိုစတာ (Billboard) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ယာပုံ)** ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သည့် ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အခမ်းအနား တက်ရောက်လာကြသူများကို ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် MEVM အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



# (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ






**နေပြည်တော် အောက်တိုဘာ ၉**

(၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ဆုရလူငယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယခုနှစ် အခမ်းအနားအတွက် ဆောင်ပုဒ်ကို **# POSTFORPEOPLE: Local Service. Global Reach. (ပြည်သူများအတွက် စာပို့တိုက် - ပြည်တွင်းဝန်ဆောင်မှုမှသည် ကမ္ဘာတစ်ဝန်းဆီ)** ဟု ယူပီယူမှ ရွေးချယ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်သည် ပြည်သူလူထုအတွက် မြို့ပြမှ ကျေးလက်တောရွာမကျန် စာပို့တိုက်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းမှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ် ချိတ်ဆက်မှုအတွက် စာပို့တိုက် ဝန်ဆောင်မှုကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နေသည်ကို ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ပြည်သူများ အပါအဝင် နိုင်ငံတော်နှင့် ကမ္ဘာတစ်ဝန်းလုံးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် မျှော်မှန်းလမ်းညွှန်ချက်တစ်ခုလည်း ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့၏ဆောင်ပုဒ်သည်မြန်မာ့စာတိုက်လုပ်ငန်း၏ ရည်မှန်းချက်ဖြစ်သည့် “လူတိုင်းအတွက် မြန်မာ့စာတိုက် (Myanmar Post for Everyone)” နှင့် ကိုက်ညီလျက်ရှိနေကြောင်း၊ ယူပီယူ၏ State of the Postal Sector 2024 အစီရင်ခံစာတွင် စာပို့တိုက်လုပ်ငန်းများအနေဖြင့် သမားရိုးကျ စာပို့တိုက်ဝန်ဆောင်မှုများအပေါ်တွင်သာ မှီခိုအားထားနေခြင်းမပြုဘဲ ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုဆောင်ရွက်၍ ခေတ်နှင့် လျော်ညီအောင် ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာဈေးကွက်သို့ အောင်မြင်စွာ ချိတ်ဆက်နိုင်မှသာ အနာဂတ်တွင် ကြံ့ကြံ့ခံနိုင်ပြီး ပြန်လည်ရှင်သန်ဦးမော့လာနိုင်မည် ဖြစ်ကြောင်းနှင့် မကြာသေးမီက ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(ယူပီယူ) ကွန်ဂရက်မှ ချမှတ်ဆောင်ရွက်ခဲ့သည့် Development Strategy များ၊ သဘောတူညီချက်များနှင့် နိုင်ငံတကာမှ စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာတိုးတက်မှုများကို စာပို့တိုက်ကဏ္ဍကြီးကြပ်ဆောင်ရွက်သူ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ မျက်ခြည်မပြတ်လေ့လာစောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ စာပို့တိုက်ကဏ္ဍ ပြန်လည်ဦးမော့လာနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် (၅၄)ကြိမ်မြောက် အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်မှ မဝင်းလဲ့ရွှေရည်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်မှ မနှင်းအိရွှေရည်၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ မောင်ဇော်သူရနှင့် အထူးဆုရရှိသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှ မမိုးပြည့်စုံကြွယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နိုင်ငံတကာ လူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အတွက် အကဲဖြတ်ပေးကြသော အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး (၁၅၁)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် စာပို့တိုက်လုပ်ငန်းများ ကာလအလိုက် အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာတမ်းများ၊ လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြပြီး စက်မှုသင်တန်းကျောင်းများမှ နည်းပြဆရာ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတို့ရှိ လျှပ်စစ်စစ်ဆေးရေးဌာနနှင့် ဘွိုင်လာစစ်ဆေးရေးဌာနတို့မှ ဆရာ ဆရာမများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် စက်မှုဝန်ကြီးဌာနရှိ စက်မှုသင်တန်းကျောင်းများမှ ဆရာ ဆရာမများကို တန်ဖိုးထားပြီး အလေးထားလေးစား၍ ဂုဏ်ပြုသည့် အခမ်းအနားလည်းဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများသည် သီအိုရီကိုအခြေခံသည့် ပညာရေးမဟုတ်ဘဲ စက်ရုံ၊ အလုပ်ရုံများတွင် ကျွမ်းကျင်စွာဖြင့် လက်တွေ့လုပ်ငန်းဆောင်ရွက်နိုင်သူများကို လေ့ကျင့်မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းများရှိ နည်းပြဆရာ ဆရာမများသည် စက်မှုကဏ္ဍ၏ လိုအပ်ချက်အပေါ်အခြေခံ၍ လက်တွေ့အခြေခံသဘောတရားများကို လေ့ကျင့်သင်ကြားသူ၊ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရမည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်သူများဖြစ်အောင် လေ့ကျင့်ပေးသူများဖြစ်ကြောင်း။

နည်းပြ ဆရာ ဆရာမများသည် သက်ဆိုင်ရာ နည်းပညာအထူးပြုဘာသာရပ်များကို ကျွမ်းကျင်သူများ ဖြစ်သည့်အပြင် ကျောင်းသား ကျောင်းသူများအား ပညာရပ်များကို ကျွမ်းကျင်မှုရှိစေရေးအတွက် လေ့ကျင့်သင်ကြားသူ၊ သင်တန်းသားများ၏ စဉ်းစားနိုင်စွမ်းကို ဖော်ထုတ်ပေးသူ၊ ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိသူအဖြစ် ပြောင်းလဲပေးသူ၊ သင်တန်းသားများ၏ လူမှုရေးကျွမ်းကျင်မှု၊ ဆက်ဆံပြောဆိုမှုစွမ်းရည်နှင့် တာဝန်ယူမှု စိတ်ဓာတ်တို့ကို ဖော်ဆောင်ပေးသူများဖြစ်ကြောင်း၊ နည်းပြဆရာ ဆရာမများသည် ပြောင်းလဲနေသည့် နည်းပညာများကို ရရှိအောင် ကိုယ်တိုင်လေ့လာ၍ ပြန်လည်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နည်းပြဆရာ ဆရာမများအနေဖြင့် Industry 4.0 သို့ ပြောင်းလဲနိုင်ရေးအတွက် ဦးဆောင်သူများဖြစ်သည့်အပြင် သင်တန်းသားတစ်ဦးချင်းစီ၏ အနာဂတ်ကို ဖန်တီးသူ၊ နိုင်ငံတစ်နိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသူများဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ Teacher of the Year ဆုရရှိသူနှစ်ဦးအား ဆုများချီးမြှင့်ပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ နည်းပြဆရာ ဆရာမများအား အမှတ်တရဂုဏ်ပြု Postcard များပေးအပ်ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေးပြကွင်း၌ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် တက်လွင်ထွန်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုပြီး သစ္စာလေးချက်ရွတ်ဆိုသည်။

ထို့နောက် ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ် တက်လွင်ထွန်းက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄) နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် (၄)နှစ်မြောက် ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ယာယီခန်းမဆောင်တွင် ကျင်းပရာ ၂၀၂၄ - ၂၀၂၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ တစ်နှစ်တာကာလအတွင်း အကောင်းဆုံးလိုင်းဆုနှင့် လိုင်းခန်းဆုများရရှိသော တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့၏ တပ်ဖွဲ့ဖွဲ့စည်းခြင်း (၄)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။



အခမ်းအနားသို့ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နယ်ဘက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် **(အပေါ်ပုံ)** ယနေ့သည် ကမ်းခြေစောင့်တပ်ဖွဲ့၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပြီး နိုင်ငံတော်၏မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေး လုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှု အထောက်အကူပေးရေး လုပ်ငန်းများဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန် စသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ရေကြောင်း အကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်သွားရမည့် တပ်ဖွဲ့ဖြစ်သည်ကို လေးနက်စွာ နားလည်သဘောပေါက်ခံယူထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးအင်အား တောင့်တင်းလာစေရန် တည်ဆောက်ရေး စသည့် လုပ်ငန်းများ၌ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ ထို့ပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာ ပင်လယ်ရေကြောင်းဆိုင်ရာ ကိစ္စရပ်များ၌ အဖြူရောင်သံတမန်(White Hull Diplomat) အဖြစ်လည်း ရည်မှန်းချက်ထားရှိဆောင်ရွက်သွားရန်လိုကြောင်း။



ကမ်းခြေစောင့် တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၇ ရက်တွင် နိုင်ငံတော်အစိုးရက အတည်ပြု ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ အကာအကွယ်ပေးမှုနှင့် လက်တွေ့ကျင့်သုံးနိုင်မှုများ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေတွင် ပြဋ္ဌာန်းထားရှိကြောင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် တည်ဆဲရေကြောင်းဥပဒေများ အတိုင်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများ ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေနှင့် ဆက်စပ်ကျင့်သုံးရမည့် ရေကြောင်းဆိုင်ရာ ဥပဒေများကိုလည်း စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုပြီး **(အောက်ဝဲပုံ)** ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကမ်းခြေစောင့်တပ်ဖွဲ့ ဆိပ်ခံဇေတံတားတွင် ဆိုက်ကပ်ထားသည့် ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်ပေါ် တက်ရောက်လေ့လာကြည့်ရှုပြီး ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အားလုံး ကမ်းခြေစောင့်တာဝန် ထမ်းဆောင်နိုင်ရန် အမြဲအသင့်ရှိနေစေရေး မှာကြားသည်။

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်များသည် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းခြေစောင့်တာဝန်များ ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၉**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၌ လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမျက်နှာစာ၌ လူမှုဖူလုံရေးအဖွဲ့- သုခမင်္ဂလာရောဂါရှာဖွေရေး ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) ဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်ပေးနေမှုကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြန်ကြားရေးဝန်ကြီးဌာနမှ အာမခံဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မှတ်ပုံတင်စာရင်းသွင်းခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် အထွေထွေကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။ (ယာပုံ)



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူမှုဖူလုံရေး ရွေ့လျားဆေးကုသယာဉ်ပေါ်၌ ခါတ်ခွဲစစ်ဆေးခြင်း၊ နှလုံး ECG စစ်ဆေးခြင်း၊ သွေးစစ်ခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်ခြင်းဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာ ကုသမှုဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်းတစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်းနှစ်ခန်း၊ ဌာနကြီးဆေးခန်းလေးခန်း၊ သားဖွားမီးယပ်၊ ပြင်ပလူနာကုသမှုဆောင်ရွက်ပေးနေသည့် စာချုပ်ဆေးခန်း ငါးခန်းတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၂၅၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကာ အောက်တိုဘာ ၃၀ ရက်အထိ နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ဝင် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (၂၀၂၅) ဂုဏ်ပြုဆောင်းပါး

# ငှက်နဲ့လူသား မျှဝေခံစား မြို့ပြများ

သစ်တောမောင်

**ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ (World Migratory Bird Day)** သည် ကမ္ဘာတစ်ဝန်း ရာသီအလိုက် မိုင်ရာထောင်ချီပြီး ရွှေ့ပြောင်းပျံသန်းသွားလာနေသော ထူးထူးခြားခြား အံ့ဩဖွယ်ငှက်များကို ကာကွယ်ထိန်းသိမ်းရန် ဂုဏ်ပြုသတ်မှတ်ထားသော နေ့ ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့သည် ရွှေ့ပြောင်းငှက်များနှင့် ၎င်းတို့၏ နယ်စပ်ဖြတ်ကျော် ခရီးစဉ်များကို ကာကွယ်ပေးရန် ရည်ရွယ်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု လှုပ်ရှားမှုများလည်းဖြစ်သည်။







**ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့**

ငှက်ရွှေ့ပြောင်းရာသီကွာခြားမှုကို အခြေခံပြီး ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့ကို နှစ်စဉ် မေလ ၁၀ ရက်နှင့် အောက်တိုဘာလ ၁၁ ရက်ဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ် သတ်မှတ်ထားပြီး ကမ္ဘာ့ရွှေ့ပြောင်းငှက်များ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ အသိပညာပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဦးတည်ချက်များ ချမှတ်လျက် အခမ်းအနားများ ကျင်းပကြသည်။

၂၀၂၅ ခုနှစ်အတွက် ဆောင်ပုဒ်မှာ **ငှက်နဲ့လူသား မျှဝေခံစား မြို့ပြများ** (Shared Spaces: Creating Bird–Friendly Cites and Communities) ဖြစ်သည်။ လူတို့အခြေချနေထိုင်ရာ မြို့ပြများ၊ ရပ်ကွက်များ၊ ကျေးရွာများတွင် ငှက်များအတွက် နေထိုင်ကျက်စားနိုင်သော သဟဇာတမျှတကောင်းမွန်သည့် ဂေဟစနစ်ကို ဖန်တီးပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအတွက် အကျိုးကျေးဇူးများစွာရှိကြောင်း ဖော်ညွှန်းသည့် ဆောင်ပုဒ်ဖြစ်ပါသည်။ လူသားများနှင့် ငှက်များ သဟဇာတမျှတစွာ ပူးတွဲနေထိုင်နိုင်မှု (coexistence) ပတ်ဝန်းကျင်ကို ဖန်တီးမြှင့်တင်နိုင်ရန် အဓိကရည်ရွယ်ပါသည်။

ရွှေ့ပြောင်းငှက်များအတွက် လုံခြုံစိတ်ချပြီး စားရေရိက္ခာပံ့ပိုးပေးနိုင်သော နေရင်းဒေသများနှင့် ပတ်ဝန်းကျင်များကို စတင်ဖန်တီးခြင်း၊ အဆိုပါနေရာဒေသများကို ထိန်းသိမ်းကာကွယ်ခြင်း၊ မြို့ပြစီမံခန့်ခွဲမှုများ၊ စက်မှုလုပ်ငန်းများ၊ လူနေထိုင်ပတ်ဝန်းကျင်များတွင် သဘာဝပတ်ဝန်းကျင်၊ သစ်တောသစ်ပင်များနှင့် ငှက်များကို ထိခိုက်မှုများ အနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲရေးနည်းလမ်းများ ဖော်ဆောင်ခြင်းဖြင့် ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ပြီး ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးကျေးဇူးများကို ဖော်ဆောင်နိုင်ရန်လည်း ရည်ရွယ်ပါသည်။

**ရွှေ့ပြောင်းငှက်များ ပျံသန်းရာလမ်းကြောင်း**

မြန်မာနိုင်ငံသည် အရှေ့အာရှ-ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian–Australasian Flyway Site Network–EAAF)နှင့် ဗဟိုအာရှလမ်းကြောင်း (Central Asian Flyway–CAF)တို့တွင် ကျရောက်သဖြင့် လည်းကောင်း၊ သဘာဝဂေဟစနစ်များ ကောင်းမွန်ပြီး အစားအစာများနှင့် နားခိုရာနေရာပေါများသော ရေဝပ်ဒေသများ ပေါများသောကြောင့် လည်းကောင်း၊ ဘေးကင်းလုံခြုံစိတ်ချရသော နေရာဒေသ ပတ်ဝန်းကျင်ကောင်းဖြစ်၍ လည်းကောင်း ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များ နှစ်စဉ်လာရောက် နားခိုကြပါသည်။

ငှက်များတွင် သတ္တုကွင်းတပ်ပြီး ခြေရာခံခြင်း (Ringing)၊ ပထဝီတည်နေရာပြကိရိယာဖြင့် ခြေရာခံခြင်း (Geolocator Tracking)နှင့် ဂြိုဟ်တုစနစ်ဖြင့် ခြေရာခံခြင်း (Satellite Tracking) နည်းလမ်းများကို အသုံးပြုပြီး ရွှေ့ပြောင်းငှက်များ၏ ပျံသန်းမှုလမ်းကြောင်း၊ အပြုအမူ၊ သားပေါက်မှုပုံစံများနှင့် ခရီးတစ်ထောက်နားခိုရာနေရာများ (Stopover Sites) ဆိုင်ရာ အချက်အလက်များကို သိရှိနိုင်ပြီဖြစ်သည်။ ရွှေ့ပြောင်းငှက်များသည် အရှေ့အာရှ-ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (EAAF)နှင့် ဗဟိုအာရှလမ်းကြောင်း (CAF) လမ်းကြောင်းနှစ်ခုလုံးကို အသုံးပြုပျံသန်းကြပြီး တချို့ငှက်မျိုးစိတ်များမှာ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှသို့ ရောက်ရှိရန် မိုင်ပေါင်းထောင်သောင်းချီ ပျံသန်းလာကြရပြီး ရှည်လျားမတ်စောက်မြင့်မားသော ဟိမဝန္တာတောင်တန်းကို ဖြတ်ကျော်ပျံသန်းလာကြရကြောင်း သုတေသနတွေ့ရှိချက်များအရ သိရပါသည်။

**ကမ္ဘာ့ရွှေ့ပြောင်းငှက်များ နားခိုရာနေရာဒေသများ**

ကမ္ဘာ့ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များသည် ကောက်ပဲသီးနှံများ၊ ငါး၊ ပုစွန် အပါအဝင် ရေသတ္တဝါငယ်များ၊ မြေတွင်းအောင်းသတ္တဝါများ အစရှိသည့် အစားအစာပေါများပြီး လုံခြုံစိတ်ချစွာ နားခိုနိုင်ရာ၊ သားပေါက်ပွားရန် သစ်တောသစ်ပင်များရှိရာ ရေဝပ်ဒေသများတွင် အများဆုံးနားခိုကြသည်။ ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက် ၆ မီတာထက် ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများရှိသော ယာယီ သို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ် ဖန်တီးထားသော ရွှံ့ညွန်မြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများဖြစ်သည်။

ရေဝပ်ဒေသများတွင် မြစ်ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့် ရေအောင်းလွှာများ၊ နွံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့် မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန် ကျွန်းစုငယ်များ၊ ပင်လယ်ဝဧရိယာများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတမ်းဒေသများ၊ သန္တာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် စာရင်းကောက်မှတ်တမ်းတင်ထားသော ရေဝပ်ဒေသပေါင်း ၉၉ ခုရှိသည့်အနက် နိုင်ငံတကာအသိအမှတ်ပြု "ရမ်ဆာ (Ramsar) ရေဝပ်ဒေသများ" မှာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအပိုင်း)၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသ၊ ပြူကန်ရေဝပ်ဒေသတို့ဖြစ်ပြီး နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသ စုစုပေါင်း ဧရိယာ ၂၇၈၆၉၇ ဟက်တာကျော်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီမြစ် စဥ့်ကူး-ပုဂံ အပိုင်း ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေ၊ ခန္တီးမြို့အနီး ချင်းတွင်းမြစ် အထက်ပိုင်းဒေသတို့သည် အလွန်အရေးပါသော ရေဝပ်ဒေသများဖြစ်သည်။ မြန်မာနိုင်ငံ၌ အဆိုပါရေဝပ်ဒေသများတွင် ကမ္ဘာ့ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များသည် အများဆုံးနားခိုလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။

**မြန်မာနိုင်ငံတွင် တွေ့ရသော ရွှေ့ပြောင်းငှက်များ**

"အိမ်သာလျှင် ဧည့်လာသည်"ဆိုစကားနှင့်အညီ မြန်မာနိုင်ငံသည် ရွှေ့ပြောင်းငှက်များအတွက် ခေတ္တနားခိုရာနေရာ၊ ဆောင်းခိုရာနေရာ၊ သားပေါက်ရာနေရာများဖြစ်သည့် ဂေဟစနစ်အရ အရေးပါသော ရေဝပ်ဒေသများပေါများသဖြင့် ဒေသမျိုးရင်း၌နေ ငှက်မျိုးစိတ်များ ပေါကြွယ်ဝသကဲ့သို့ ကမ္ဘာ့အအေးပိုင်းဒေသများမှ ဆောင်းခိုငှက်များ၊ ရွှေ့ပြောင်းငှက်များလည်း နှစ်စဉ်လာရောက်သည်ကို တွေ့နိုင်ပါသည်။ သစ်တောဦးစီးဌာန၏ နှစ်စဉ် ငှက်စာရင်းကောက်ယူမှုများအရ မြန်မာနိုင်ငံသို့ လာရောက်သော ရွှေ့ပြောင်းငှက်မျိုးစိတ်များနှင့် အရေအတွက်ကို အောက်ဖော်ပြပါအတိုင်း တွေ့ရပါသည်-

- ❖ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၁၃၈ မျိုး၊ ကောင်ရေ ၄၈၄၆၄ ကောင်နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ) ငှက်မျိုးစိတ် ၁၄၉ မျိုး၊ ကောင်ရေ ၄၉၇၈၂ ကောင် လေ့လာတွေ့ရှိရပါသည်။
- ❖ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၁၃၅ မျိုး၊ ကောင်ရေ ၁၈၈၇၀ နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ) ငှက်မျိုးစိတ် ၁၂၂ မျိုး၊ ကောင်ရေ ၂၄၂၄၀ လေ့လာတွေ့ရှိရပါသည်။
- ❖ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၁၄၀၊ ကောင်ရေ ၇၈၂၅ ကောင်နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ) ငှက်မျိုးစိတ် ၁၀၇ မျိုး၊ ကောင်ရေ ၁၀၆၀၆ ကောင် လေ့လာတွေ့ရှိရပါသည်။
- ❖ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ၂၀၂၄ ခုနှစ်တွင် ငှက်မျိုးစိတ် ၆၅ မျိုး၊ ကောင်ရေ ၁၂၀၂၇၈ ကောင်နှင့် ၂၀၂၅ ခုနှစ် (ဇန်နဝါရီလမှ စက်တင်ဘာလအထိ) ငှက်မျိုးစိတ် ၄၇ မျိုး၊ ကောင်ရေ ၆၉၀၃၂ ကောင်တို့ နေထိုင်ကျက်စားကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှဧပြီလအထိ ကျရောက်ကျက်စားကြပါသည်။ အဆိုပါ ငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature–IUCN)၏ Red list စာရင်းဝင်ဖြစ်သော ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ် ရေညှော်နှုတ်သီးဝိုင်း (Spoon–billed Sandpiper–Calidris pygmaea : CR) မျိုးသုဉ်းရန် အန္တရာယ်ရှိသောမျိုးစိတ်၊ နော်မန်ခြေစိမ်း (Nordmann's greenshank – Tringa guttifer : EN)၊ နေဒွေ (Great Knot – Calidris tenuirostris : EN) မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ်၊ အမြီးနက်ဂေါ်ဒွစ် (Black–tailed Godwit – Limosa limosa: NT)များသည် မုတ္တမပင်လယ်ကွေ့ဒေသ၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများတွင် တွေ့ရှိရပါသည်။

မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ် ပို့ချပ်ခေါင်းစိမ်း (Baer's Pochard – Aythya baeri : CR)၊ မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နိုင်သော မျိုးစိတ်ပို့ချပ်ဘဲ (Common Pochard – Aythya ferina : VU)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့

*စာမျက်နှာ ၁၁ သို့*

❑ **ဒေသမျိုးရင်း အပင်များစိုက်ပျိုးခြင်း၊ ရထားလမ်းနှင့် ကားလမ်းဘေးဝဲယာ အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ တောင်ကုန်းတောင်ထိပ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ကမ်းရိုးတန်းဒီရေတောများ စိုက်ပျိုးခြင်း၊ အပူပိုင်း ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဂေဟစနစ်အမျိုးမျိုးတွင် မှီခိုနေထိုင်သော ဌာနေငှက်များနှင့် ရာသီအလိုက်ရွှေ့ပြောင်းငှက်များအတွက်လည်း အကျိုးပြုနိုင်မည်**

*စာမျက်နှာ ၁၀ မှ*
နီးကပ်နေသောမျိုးစိတ် ဘဲနီစပ် (Ferruginous Pochard – Aythay nyroca : NT)၊ ခရုစုတ်အနက် (Black-headed Ibis –Threskiornis melanocephalus : NT)၊ နှုတ်သီးကောက်ကြီး (Eurasian Curlew – Numenius arquata : NT)၊ ဘဲတောင်ရှည် (Falcated Duck– Anas falcate : NT)နှင့် ဌာနေ ရေပျော်ငှက်များတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် ကြိုးကြာခေါင်းနီ (Sarus Crane– Antigone Antigone : VU)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှု အဆင့်သို့ နီးကပ်နေသော မျိုးစိတ်ငှက်ကြီးဝန်ပို (Spot-billed Pelican– Pelecanus philippensis: NT)၊ ဥပန်း (Oriental Darter– Anhinga melanogaster: NT) မျိုးစိတ်များကို အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိနိုင်ပါသည်။

**ကမ္ဘာ့ရွှေ့ပြောင်းငှက်များနှင့် ငှက်ကြည့်ခရီးသွားလုပ်ငန်း (Bird Watching Tourism)**

ငှက်ကြည့်ခရီးသွားလုပ်ငန်း (Bird Watching tourism)ကို avitourism သို့မဟုတ် birding ဟုလည်း ခေါ်ဆိုကြပြီး ငှက်မျိုးစိတ်များကို ၎င်းတို့၏ မူလနေထိုင် ကျက်စားရာဒေသများတွင် ငှက်များ၏ သဘာဝအတိုင်း နေထိုင်ကျက်စားမှုများ၊ ထူးခြားသောလက္ခဏာရပ်များကို လေ့လာကြည့်ရှုရန် ရည်ရွယ်သော ခရီးသွားလုပ်ငန်း အမျိုးအစားတစ်ခု ဖြစ်ပါသည်။ ဒေသတွင်း နိုင်ငံများဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ တရုတ်၊ တောင်ကိုရီးယား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အီရန် စသည့်နိုင်ငံများတွင် ငှက်ကြည့်ခရီးသွားလုပ်ငန်းသည် အောင်မြင်သော သဘာဝအခြေခံခရီးသွားလုပ်ငန်းတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

ငှက်ကြည့်ခရီးသွားလုပ်ငန်းသည် အများအားဖြင့် ရေဝပ်ဒေသများကို အခြေခံသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ရေဝပ်ဒေသများသည် ၎င်းတို့အပေါ်တွင် မှီတင်းနေထိုင်သည့် ငှက်မျိုးစိတ်များ၊ ရွှေ့ပြောင်းငှက်များနှင့် ဆောင်းခိုငှက်များအား စိတ်ဝင်စားစွာလေ့လာလျက်ရှိသည့် ငှက်ဝါသနာရှင်များ၊ သိပ္ပံပညာရှင်များအတွက် မဖြစ်မနေ သွားရောက်လေ့လာရသည့် နေရာဒေသများ ဖြစ်ပါသည်။

ရေဝပ်ဒေသများသည် ငှက်ကြည့်ခရီးသွားလုပ်ငန်းအတွက် အချက်အချာကျသော နေရာဒေသများဖြစ်ပါသည်။ ဥပမာ-နေပြည်တော်**ပေါင်းလောင်းဆည်** ပတ်ဝန်းကျင်တွင် ဒေသမျိုးရင်းဌာနေ ငှက်များဖြစ်သည့် တစ်တီတူး၊ ဗျိုင်း၊ မောက်ယောင်သိမ်း၊ ပုစဉ်းထိုး၊ ငှက်ခါး၊ ဗွတ်ဖင်နီငှက်များ ရွှေ့ပြောင်းငှက်များဖြစ်သည့် ဝန်လက်၊ ရေညှော်ငှ့်ကောင်၊ မိုးကောင်းငှက်၊ တင်ကြီး၊ ဥပန်းငှက်များ၊ **ဆင်သေဆည်**ပတ်ဝန်းကျင်တွင် ဒေသမျိုးရင်းဌာနေ ငှက်မျိုးစိတ်များ ဖြစ်သည့် စစ်စလီ၊ စစ်စလီကြီး၊ နဖားကြိုး၊ မိုးစွေငှက်၊ ဘုတ်ကြီး၊ ငေဟာစ်ငှက်များ ရွှေ့ပြောင်းငှက်များဖြစ်သည့် ဥပန်း၊ ခရုစုတ်၊ တစ်တီတူးခေါင်းမွဲ၊ တလိုင်းလေး၊ စာဝါကြားငှက်မျိုးစိတ်များ၊ လေိုက်ဆည်ပတ်ဝန်းကျင်တွင် ဌာနေငှက်များဖြစ်သည့် ထန်းစေ့မှုတ်၊ ဗျိုင်း၊ ပိန်ညှင်းရင်ဖြူ၊ ပုစဉ်းထိုး၊ မိုးစာ ငှက်မျိုးစိတ်များ၊ ရွှေ့ပြောင်းငှက်များဖြစ်သည့် ငှက်တော်၊ ငှက်မည်းတူး၊ ငှက်တော်၊ ဂျိုးနီပု၊ ဂျိုးသိမ်း မျိုးစိတ်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

ကမ္ဘာ့ရွှေ့ပြောင်းငှက်များ၊ ဆောင်းခိုငှက်များ၊ ဌာနေငှက်များကို အခြေပြုလျက် ငှက်အခြေခံ ခရီးသွားလုပ်ငန်းနှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှု၊ အမွေအနှစ် အချက်အလက်များကို ဆက်စပ်ပေးခြင်း၊ အားပေးမြှင့်တင်ခြင်းဖြင့် ဆောင်းခိုငှက်များ ကာကွယ်ထိန်းသိမ်းရေးနှင့် ရေဝပ်ဒေသများ၏ တန်ဖိုးကိုလည်း အများပြည်သူ ပိုမိုသတိထားမိစေနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ငှက်ကြည့်ခရီးသွားလုပ်ငန်းသည် ဒေသခံများ၏ မိမိတို့ဒေသအပေါ် ဂုဏ်ယူစိတ်နှင့် ချစ်မြတ်နိုးစိတ်ကို ပိုမိုဖြစ်ထွန်းစေပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**ကျေးငှက်များနားခိုရာ မြို့ပြသစ်တောများနှင့် စိမ်းလန်းမြေများ**

မြို့ပြသစ်တောများ (Urban Forests) နှင့် အစိမ်းရောင်မြို့ပြများ (Green City)သည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်လာသော မြို့ပြများအတွက် မရှိမဖြစ် အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်ပါသည်။ ကျေးရွာမြို့ပြများ၊ ကျေးရွာပတ်ဝန်းကျင်များတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ဒေသမျိုးရင်း သီးပင်စားပင်၊ အရိပ်ရအပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် အဆိုပါကျေးရွာ၊ ရပ်ကွက်၊ မြို့ပြများတွင် အပူချိန် ၈ ဒီဂရီဆဲလ်စီးယပ်အထိ လျှော့ချနိုင်ပြီး မြို့ပြဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမျှတကောင်းမွန်စေနိုင်ပါသည်။

ကျေးရွာနှင့် မြို့ပြပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသော သစ်ပင်များသည် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ အမှိုက်နှင့်စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်း၊ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ယန္တရားအသီးသီးတို့မှ ထုတ်လွှတ်လိုက်သည့် အလွန်သေးငယ်သော အမှုန်အမွှားများ၊ လေထုအတွင်းရှိ အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းမှုများကို သန့်စင်ဖယ်ရှားပေးနိုင်ပါသည်။ သစ်တော သစ်ပင်များ၊ တစ်အုပ်တစ်မ စိုက်ခင်းများသည် အပင်များ၊ တိရစ္ဆာန်ငယ်များ၊ ဌာနေငှက်များ၊ ရွှေ့ပြောင်းငှက်များအတွက် နားခိုရာနေရာ၊ အကာအကွယ်နှင့် အစားအစာများ ထောက်ပံ့ပေးနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေနိုင်ပါသည်။ တစ်အုပ်တစ်မ သစ်တော သစ်ပင်များ၊ သစ်မျိုးစုံစိုက်ခင်း၊ မြို့ပြဥယျာဉ်ငယ်များ၊ ရုက္ခဗေဒဥယျာဉ်များ စိုက်ပျိုးတည်ထောင်ထားရှိခြင်းဖြင့် ဌာနေငှက်များ၊ ရွှေ့ပြောင်းငှက်များ ပိုမိုတိုးပွားလာပြီး သဘာဝ အခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်ပါသည်။

**ဌာနေငှက်များနှင့် ရွှေ့ပြောင်းငှက်များအတွက် အဓိက ခြိမ်းခြောက်မှုများ**

ရွှေ့ပြောင်းငှက်များ (Migratory birds) နှင့် ဌာနေငှက်များ(Resident birds) နှစ်မျိုးလုံးအတွက် ခြိမ်းခြောက်မှုများ၊ အန္တရာယ်များကျရောက်မှု တူညီသလို ကွာခြားသည်များလည်းရှိပြီး အဓိက ခြိမ်းခြောက်မှုများကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်-

- ❖ သစ်တောများနှင့် ရေဝပ်ဒေသ ဂေဟစနစ်များ ပျက်စီးပြုန်းတီးခြင်း၊ စိုက်ပျိုးမြေများ ကျယ်ပြန့်လာခြင်း၊ ဖွံ့ဖြိုးမှုဆိုင်ရာ အဆောက်အအုံများ တိုးချဲ့လာမှုကြောင့် သဘာဝနားခိုရာ၊ သားပေါက်ရာနေရာများ ပျက်စီးခြင်းအပါအဝင် နေရင်းဒေသများဆုံးရှုံးခြင်း၊
- ❖ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးလေဝသဖြစ်စဉ်များ ကမောက်ကမ ဖြစ်ပေါ်ခြင်း၊ ရေကန်များ ခြောက်ခန်းခြင်း၊ မြစ်ချောင်းများ ရေနည်းလာခြင်းနှင့် တိမ်ကောခြင်း၊ အစားအစာရရှိမှု လျော့နည်းလာခြင်း၊
- ❖ တောမီးလောင်ကျွမ်းခြင်းကြောင့် ငှက်များအတွက် နားခိုရာ၊ သားပေါက်ရာနေရာများ ပျက်စီးခြင်း၊
- ❖ ပလတ်စတစ်အမှိုက်များနှင့် ဓာတုညစ်ညမ်းမှုများကြောင့် ငှက်များသေဆုံးခြင်း၊
- ❖ ငှက်များအား စီးပွားဖြစ် ဖမ်းဆီးရောင်းချခြင်း၊
- ❖ မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ ဖွံ့ဖြိုးလာသောအထပ်မြင့်တိုက်များ၊ တာဝါတိုင်များနှင့် ငှက်များ တိုက်မိခြင်း၊ အဆောက်အအုံမှန်များ၏ ရောင်ပြန်မှုများကြောင့် လမ်းမှားခြင်းနှင့် ထိခိုက်မိခြင်း။

**ငှက်များနှင့် သဟဇာတဖြစ်သောပတ်ဝန်းကျင် (Bird-friendly Environment)**

ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့သည် ကျေးရွာ၊ ရပ်ကွက်များမှ မြို့ပြများအထိ လူနေထိုင်ရာ အဖွဲ့အစည်းတိုင်း ရွှေ့ပြောင်းငှက်များအား ကာကွယ်ရန်နှင့် ကူညီပံ့ပိုးနိုင်ရန်အတွက် အသိပညာပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အရေးပါသော အခန်းကဏ္ဍကို မီးမောင်းထိုးပြထားပါသည်။ ငှက်များနှင့် သဟဇာတဖြစ်သော ပတ်ဝန်းကျင် (Bird-friendly) များ ဖန်တီးခြင်း၊ ကောင်းမွန်သော မြို့စီမံခန့်ခွဲမှုများဖြစ်စေရန် ဆောင်ရွက်ခြင်း၊ လုံခြုံစိတ်ချသော ငှက်များ နားခိုရာ၊ သားပေါက်ရာနေရင်းဒေသများ ဖန်တီးခြင်း၊ စွန့်ပစ်အမှိုက်များ၊ အညစ်အကြေးစွန့်ပစ်မှုများ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ခြင်း၊ အဆောက်အအုံနှင့် တပ်ဆင်ထားသောမှန်များကြောင့် ငှက်များနှင့် ပွတ်တိုက်မှုဖြစ်ပြီး ငှက်များထိခိုက်သေဆုံးနိုင်သောကြောင့် အဆောက်အအုံပုံစံကို ကြိုတင်တွက်ချက် ကာကွယ်ဆောင်ရွက်ခြင်း စသည့် လုပ်ထုံးလုပ်နည်းများကို လက်ခံအသုံးချခြင်းဖြင့် လူနေထိုင်ရာနေရာ ဒေသများသည် ရွှေ့ပြောင်းငှက်များ နားခိုနိုင်ရေး၊ ကျန်းမာရေးနှင့် ဘဝရှင်သန် ရပ်တည်ရေးကို အထောက်အကူပြုနိုင်ပါသည်။

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသော မူဝါဒနှင့်အညီ ဒေသမျိုးရင်းအပင်များစိုက်ပျိုးခြင်း၊ ရထားလမ်းနှင့် ကားလမ်းဘေးဝဲယာ အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ တောင်ကုန်းတောင်ထိပ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ကမ်းရိုးတန်းဒီရေတောများ စိုက်ပျိုးခြင်း၊ အပူပိုင်း ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ဂေဟစနစ်အမျိုးမျိုးတွင် မှီခိုနေထိုင်သော ဌာနေငှက်များနှင့် ရာသီအလိုက် ရွှေ့ပြောင်းငှက်များအတွက်လည်း အကျိုးပြုနိုင်မည်ဖြစ်သည်။

ထို့ပြင် ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲဧရိယာများတွင် ကျေးငှက်တိရစ္ဆာန်များ စားသုံးနိုင်သော သီးပင်၊ စားပင်များ စိုက်ပျိုးခြင်း၊ ပြည်သူအများနှင့် မျှဝေသုံးစွဲသည့်နေရာများကို ဖန်တီးခြင်း၊ ငှက်များအတွက် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ သုံးစွဲမှုများကို မသုံးစွဲခြင်း၊ ငှက်များကို နည်းလမ်းမျိုးစုံဖြင့် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ငှက်များခိုနားရာ၊ သားပေါက်ရာနေရင်းဒေသများကို ဖျက်ဆီးခြင်း၊ ပျက်စီးစေသည့် လုပ်ငန်းများကို တားဆီးကာကွယ်ခြင်း၊ ငှက်များအတွက် သင့်တင့်လုံခြုံသော ပတ်ဝန်းကျင်များကို ဖန်တီးခြင်းဖြင့် မိုင်ထောင်သောင်းချီရှည်လျားသော ခရီးစဉ်ကို ပျံသန်းရင်း ခေတ္တနားခိုလာသော ရွှေ့ပြောင်းငှက်များအတွက် ကူညီပေးနိုင်သည့်အပြင် ဌာနေငှက်များအတွက်ပါ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များ ပိုမိုတည်ငြိမ်ပြီး နိုင်ငံတော်တစ်ဝန်း သာယာလှပလာမည် ဖြစ်သည်။ ထို့ကြောင့် အောက်တိုဘာလ ၁၁ ရက်တွင် ကျရောက်မည့် **ကမ္ဘာ့ရွှေ့ပြောင်းငှက်များနေ့** ဆောင်ပုဒ်ဖြစ်သည့် **"ငှက်နဲ့လူသား မျှဝေခံစား မြို့ပြများ"** ဆိုသည် နှင့်အညီ **"ငှက်များနှင့် သဟဇာတဖြစ်သော ပတ်ဝန်းကျင်"** ကို ဖန်တီးပြီး ဌာနေငှက်များနှင့် ကမ္ဘာ့ရွှေ့ပြောင်းငှက်များကို ကာကွယ်စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော် တင်ပြလိုက်ပါသည်။ ။

**ဆောင်းခိုငှက်များ**



ဂေါ်ဒွစ် Black tailed Godwit (Limosa limosa)



ငှက်ကြီးဝန်ပို spot-billed pelican (Pelecanus philippensis)



ဘဲနီစပ် Ferruginous pochard (Aythya nyroca)



ခရုစုတ်ခေါင်းမည်း black-headed ibis (Threskiornis melanocephalus)

# ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။






ပတ္တလားတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။




"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ပြည့်ဖြိုးအောင် သီဆိုယှဉ်ပြိုင်စဉ်။




ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဟိန်းဇေယျာ တီးခတ်ယှဉ်ပြိုင်စဉ်။

**သီဆိုယှဉ်ပြိုင်**

ယနေ့တွင် **"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဆင့်ရရင့်ငယ်လေ (ပတ်ပျိုး)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပပဝင်းဝင်း (ပတ်ပျိုး)" သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

ထို့ပြင် **မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ) အဆင့်ပြိုင်ပွဲ**ကို ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မရှေးမြာနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မဖူးပွင့်ကဗျာနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မဖူးပြည့်သဇင်နှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မယွန်းပြည့်ဝေနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မချိုချိုအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မချောစုသွယ်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မသွန်းသက်မှူးစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မပန်ဆုပြည့်ကျော်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ မဟန်သီဥှီးနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မနန်းမိုးစက်စက်ဝင်းနှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မယိမ်းဆွမ့်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မယွန်းဝေဝေလွင်နှင့်အဖွဲ့နှင့် မကွေးတိုင်းဒေသကြီးမှ မထွန်းရတနာပိုနှင့် အဖွဲ့တို့က ကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက်ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကအဖွဲ့က ထားဝယ်ရိုးရာ ယန်းအကကို စံပြအနေဖြင့် ဦးစွာ ကပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များဖြစ်သည့် မွန်ပြည်နယ်မှ မောင်ထွန်းထွန်းနိုင်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှမောင်သန်းထွန်းဦးနှင့်အဖွဲ့၊ ရခိုင်ပြည်နယ်မှ မောင်အောင်လှသိန်း နှင့်အဖွဲ့၊ ကချင်ပြည်နယ်မှ မကေသွယ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်သန်းကြွယ်လင်း နှင့်အဖွဲ့၊ ချင်းပြည်နယ်မှ မမိုးသဲဖြူထွန်းနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်လွင်မိုးသူနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မချစ်မြတ်နိုးဇော်နှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်စည်သူအောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခန့်လင်းမြတ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ မောင်စံမင်းသူနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မသက်မိုစံနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဝေစိုးနှင့်အဖွဲ့တို့က "ပြည်ထောင်စုအတွက် သမိုင်းပေးသစ္စာ" သီချင်းတေးသွားနှင့် ထားဝယ်ရိုးရာကကြိုးကကွက်များကို ပေါင်းစပ်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ကပြယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

ထို့အတူ **အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား/ အမျိုးသမီး** ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"ကျောင်းနေစဉ်"** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီး** ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **"လူချွန်လူကောင်းတို့ဂုဏ်ရည်"** ခေါင်းစဉ်ဖြင့်လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**

အလားတူ **ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့် (ဘွဲ့)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ(ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "နှင်းယွန်းခါဟေမာန်(ယိုးဒယား)" သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် **နှဲပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ အခြေခံပညာအဆင့်( အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ

*စာမျက်နှာ ၁၃ သို့*



မြန်မာအကအခြေခံ ကဗျာလွတ်အက (ပထမ)အဆင့်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ ရခိုင်ပြည်နယ်မှ မချိုချိုအောင်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။



အလွတ်တန်းအဆင့် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်စည်သူအောင်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမအားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် Youth Camp မှ လူငယ်အလေးမအားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမ အားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် Youth Camp မှ လူငယ်အလေးမ အားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဥဂ္ဂါအေး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အလေးမ ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အလေးမ ပြိုင်ပွဲ အမြန်မနှင့် နှစ်ဆင့်မပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး (၄၈၊ ၅၃၊ ၅၈၊ ၆၃) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၆၀၊ ၆၅၊ ၇၁၊ ၈၈၊ ၉၄+၉၄) ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီးပြိုင်ပွဲများ အပြီးတွင် အမျိုးသမီး(၆၃)ကီလိုတန်းနှင့် အမျိုးသား (၉၄) ကီလိုတန်း အမြန်မ၊ နှစ်ဆင့်မပြိုင်ပွဲနှင့် စံချိန်စုစုပေါင်းတို့တွင် မြန်မာပြည်စံချိန်သစ်များတင်နိုင်ခဲ့သည့် သူဇာခင်နှင့် ဝင်းနိုင်ထွန်းတို့ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးက အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများအား တွေ့ဆုံ၍ မိမိတို့ ရရှိထားသည့် စံချိန်၊ စံညွှန်းများထက် ပိုမိုကောင်းမွန်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားအားထုတ် လေ့ကျင့်သွားရန်လိုကြောင်း၊ အလေးမ အားကစားနည်းဖြင့် အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန်နှင့် လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တွင် မျှော်မှန်းထားသည့် ဆုတံဆိပ်များရရှိအောင် ဆက်လက်ကြိုးစား အားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလေးမအားကစားသမားများ အပြီးသတ်ရွေးချယ်ရေးပြိုင်ပွဲနှင့် Youth Camp မှ လူငယ်အလေးမ အားကစားသမားများ စံချိန်ဆန်းစစ်ပြိုင်ပွဲများသို့ နေပြည်တော်တွင် စခန်းဝင် လေ့ကျင့်လျက်ရှိသည့် အားကစား လေ့ကျင့်ရေးစခန်း(Gold Camp) နှင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း Youth Camp တို့မှ အလေးမ အားကစားသမား စုစုပေါင်းအင်အား ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ ခြင်းလုံးအသင်း အောင်နိုင်ရေး အတွက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်အား ရုံးအမှတ်(၃၁) ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် နာယက က အဖွဲ့ချုပ်၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြား၍ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာခြင်းလုံးအသင်း အောင်မြင်မှုရရှိစေရေးအတွက် ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးပြောကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ (ဘွဲ့)" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လွမ်းဘွဲ့စေ(ပတ်ပျိုး)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ(ကြိုး)" သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

### ပလွေပြိုင်ပွဲ

မွန်းလွဲပိုင်းတွင် **ပလွေပြိုင်ပွဲ**ကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင် (ဘွဲ့)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ(ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဇယန်နှင့်နှုန်းပြား (ကြိုး)" သီချင်းဖြင့်လည်းကောင်း တီးမှုတ်ယှဉ်ပြိုင်ကြသည်။

### တီးမှုတ်ယှဉ်ပြိုင်

ထို့အတူ **ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲ**ကို ပုဗ္ဗသီရိ ခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။




"မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မခင်စန္ဒာသိန်း သီဆိုယှဉ်ပြိုင်စဉ်။




အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်အောင်အောင် ယှဉ်ပြိုင်စဉ်။




ပလွေပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မောင်စွမ်းထက်နိုင် တီးမှုတ်ယှဉ်ပြိုင်စဉ်။




နှဲပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်အောင်မျိုးသိန်း တီးမှုတ်ယှဉ်ပြိုင်စဉ်။

### ကြည့်ရှုအားပေး

ယနေ့ ပြိုင်ပွဲတတိယနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိပြီး မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာ အနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**

# ကျွမ်းကျင်ပိုင်နိုင်တဲ့ နဲ့သမားတစ်ယောက်၊ ပညာရှင်တစ်ယောက်ဖြစ်ဖို့ နှစ်တွေအကြာကြီး လေ့လာသင်ယူကြိုးစားဖို့လည်း လိုအပ်ပါတယ်၊ မိမိဝါသနာ အရင်းခံရှိဖို့ အဓိကလိုအပ်မှာဖြစ်ပါတယ်၊

မောင်ထက်ဝေအောင်

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်၊ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ အသီးသီးယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-


မခင်စန္ဒာသိန်း


မောင်မိုးသက်ထွန်း


မောင်ထက်ဝေအောင်


မောင်အောင်ဘုန်းခန့်


မနှင်းထက်ရွှေရည်


မရွှေနဒီလင်းအောင်

**မခင်စန္ဒာသိန်း**
**ဧရာဝတီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆင့်မြင့်ပညာမဟာဂီတ**

သီချင်းက ပပဝင်းဝင်း(ပတ်ပျိုး)သီချင်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အရင်နှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပေမယ့် ဆုတံဆိပ်တော့ မရရှိခဲ့ပါဘူး။ ဒီနှစ်ကိုတော့ အကောင်းဆုံး ကြိုးစားပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ လူငယ်တစ်ယောက်အနေနဲ့ မဟာဂီတပညာရပ်ကို မသိခင်က စိမ်းနေပေမယ့် ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လိုက်တော့မှ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာသံစဉ်အနေနဲ့ နှစ်သက်မြတ်နိုးစရာကောင်းတာကို တွေ့မြင်ခဲ့ရပါတယ်။ တက္ကသိုလ်စတက်တဲ့ ပထမနှစ်လောက်မှစပြီး မဟာဂီတသံစဉ်တွေကို နှစ်သက်မြတ်နိုးတန်ဖိုးထားတတ်နေပါပြီ။ အရင်နှစ်က ပြိုင်ပွဲဝင်ဦးရေထက် အခုနှစ် ပြိုင်ပွဲဝင်ဦးရေ ပိုမိုများပြားလာတာကို တွေ့မြင်ရပါတယ်။ မဟာဂီတပညာရပ်ကို စိတ်ဝင်စားစွာ လေ့လာကြည့်ပါက မြတ်နိုးစရာ၊ အနှစ်သာရများစွာ ပြည့်နှက်နေတယ်ဆိုတာ တွေ့ရှိရမှာဖြစ်တဲ့အတွက် လူငယ်တွေအနေဖြင့် လေ့လာကြည့်ကြဖို့ တိုက်တွန်းအကြံပြုပြောချင်ပါတယ်။

**မောင်မိုးသက်ထွန်း**
**မွန်ပြည်နယ်ကိုယ်စားပြု**
**အရေးပြိုင်ပွဲ**
**အဆင့်မြင့်ပညာ**

ယှဉ်ပြိုင်ရတဲ့ သီချင်းကတော့ လူချွန်၊ လူကောင်း၊ လူဂုဏ်ရည် သီချင်းဖြစ်ပါတယ်။ သီချင်းထဲမှာ ရေးဖွဲ့ထားတာက လူချွန်၊ လူကောင်းတွေကြောင့် နိုင်ငံ့ဂုဏ်တက်လာတာတွေ၊ ခေတ်အဆက်ဆက် အကျိုးပြုခဲ့တဲ့ သူရဲကောင်းတွေ ပေါ်ထွက်ခဲ့တဲ့ သူတို့ရဲ့ဂုဏ်ရည်တွေ၊ လက်ရှိအနုပညာရှင်ကဏ္ဍတွေ၊ အားကစားနဲ့ ရေကြောင်းပညာတွေ၊ ဆေးပညာတွေ စတဲ့ လူချွန်၊ လူကောင်းတွေရဲ့ ဂုဏ်တွေကိုဖော်ညွှန်းရေးဖွဲ့သီကုံးထားတဲ့ သီချင်းမျိုးဖြစ်ပါတယ်။ အရေးပြိုင်ပွဲမှာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ လူငယ်မျိုးဆက်သစ်တွေအနေနဲ့ စာတွေ၊ ကဗျာတွေ၊ ကာရန်ကဗျာ၊ ဂန္ထဝင်ကဗျာလို စာမျိုးတွေကို များများဖတ်စေချင်ပါတယ်။ အခုပြိုင်ပွဲကြီးက ကြီးကျယ်ခမ်းနားထည်ဝါလှပါတယ်။

**မောင်ထက်ဝေအောင်**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀)**
**နဲ့ပြိုင်ပွဲ**

နဲ့သမားတစ်ယောက် ဖြစ်ဖို့ မိမိဝါသနာနဲ့ ဆရာတွေသင်ပြမှု၊ ကိုယ်တိုင်ကြိုးစား အားထုတ်လေ့လာသင်ယူမှုတွေ အများကြီးလိုအပ်ပါတယ်။ ကျွမ်းကျင်ပိုင်နိုင်တဲ့ နဲ့သမားတစ်ယောက်၊ ပညာရှင်တစ်ယောက်ဖြစ်ဖို့ နှစ်တွေအကြာကြီး လေ့လာသင်ယူကြိုးစားဖို့လည်း လိုအပ်ပါတယ်၊ မိမိဝါသနာအရင်းခံရှိဖို့ အဓိကလိုအပ်မှာဖြစ်ပါတယ်။ ဆိုင်းဝိုင်းတစ်ဝိုင်းမှာဆိုရင်နဲ့သမားတစ်ယောက်ဟာ ညာလက်ရုံးအဖြစ် အရေးပါမှုရှိသလို နဲ့ပါဝင်မှသာ ဆိုင်းဝိုင်းတစ်ဝိုင်းဟာ ပြည့်စုံတယ်လို့ဆိုရမှာပါ။ နဲ့ပညာရပ်ကို လေ့လာသင်ယူခဲ့တာ သုံးနှစ်လောက်ရှိပါပြီ။ အခုလက်ရှိ ဆိုင်းဝိုင်းတွေမှာ နဲ့သမားတစ်ယောက်အနေအဖြစ် ပါဝင်လုပ်ကိုင်နေပါတယ်။


ကချင်ပြည်နယ်ကိုယ်စားပြုအဖွဲ့
အလွတ်တန်း တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာအက


မချောစုသွယ်နှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အခြေခံပညာ (၁၀-၁၅) ကဗျာလွတ်

**မောင်အောင်ဘုန်းခန့်**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ကျွန်တော့်ဆရာတွေကတော့ ဆရာစိန်မင်းနိုင်၊ ဆရာညွန့်ဝင်းလှိုင်း၊ ဆရာကိုပြည့်စုံနဲ့ ဆရာသန်းဇော်ဦးတို့ ဖြစ်ပါတယ်။ အခုက မင်္ဂလာသီရိ(ဘွဲ့) သီချင်းနဲ့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပါတယ်။ နဲ့သမားတစ်ယောက် အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာ လေးနှစ်ရှိပါပြီ။ ကျွမ်းကျင်မှုနဲ့ လိုအပ်ချက်တွေကို ဆရာတွေဆီကနေ ဆက်လက်လေ့လာသင်ယူသွားမှာဖြစ်ပါတယ်။

**မချောစုသွယ်နှင့်အဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အခြေခံပညာ (၁၀-၁၅)**
**ကဗျာလွတ်**

သမီးတို့က ဒုတိယအကြိမ်လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ မနှစ်က ငွေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်ယှဉ်ပြိုင်မှုမှာတော့ ရွှေတံဆိပ်ဆု မျှော်မှန်းထားပါတယ်။ မိဘတွေရော၊ ဆရာမတွေရော သမီးတို့ကို အကောင်းဆုံး ပံ့ပိုးဖြည့်ဆည်းပေးထားပါတယ်။ အချိန်အားဖြင့် လပိုင်းလောက်ပဲ လေ့ကျင့်ခဲ့ရပါတယ်။ သမီးတို့က ရန်ကင်း TTC နဲ့ ထ(၂)ကမာရွတ်မှ Grade 6 နဲ့ Grade 7 ကျောင်းသူတွေ ဖြစ်ပါတယ်။ ဒီမှာလာပြိုင်ရတာ ကျောင်းဂုဏ်ဆောင်၊ တိုင်းဂုဏ်ဆောင် ဖြစ်တာကြောင့် ဂုဏ်ယူရပါတယ်။

**ကချင်ပြည်နယ်ကိုယ်စားပြုအဖွဲ့**
**အလွတ်တန်း**
**တနင်္သာရီတိုင်းဒေသကြီး၏**
**ထားဝယ်ရိုးရာအက**

ယှဉ်ပြိုင်ခဲ့ရာမှာ အားရကျေနပ်မှု ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကချင်ဘက်မှာ ကတာကျတော့ အယိမ်းအနွဲ့ဘက်ကို ပိုပြီးသွားပါတယ်။ ထားဝယ်ရိုးရာအကမှာကျတော့ ခြေထောက်အကွေး အဆန့်လေးတွေ ပါပါတယ်။ ကွာခြားမှုပေါ့။ ကျွန်တော့်အဖွဲ့ကို ပညာရေးဒီဂရီကောလိပ်က ကျောင်းသား ကျောင်းသူတွေနဲ့ ဖွဲ့စည်းထားခဲ့ပါတယ်။ ပြည်နယ်အတွက်ရော၊ ကိုယ့်ကျောင်းအတွက်ရော ဂုဏ်ဆောင်နိုင်ဖို့ အများကြီး ကြိုးစားခဲ့ပါတယ်။ ဒီလိုတိုင်းရင်းသားအကတွေကို အလှည့်ကျကပြယှဉ်ပြိုင်ရတဲ့အတွက်ကြောင့် တိုင်းရင်းသားအားလုံး ဆုံတွေ့ပြီး ရင်းနှီးခွင့်ရတယ်။ တစ်ဒေသရဲ့ ရိုးရာယဉ်ကျေးမှု အကအလှတွေကို အခြားဒေသကတွေက သိမြင်သွားတယ်။ နားလည်သွားတယ် ကောင်းမွန်တဲ့ ပြိုင်ပွဲတစ်ခုလို့ မြင်ပါတယ်။

**မနှင်းထက်ရွှေရည်နှင့်အဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**
**အဆင့်မြင့်ပညာ ဆိုင်းအဖွဲ့လိုက်**

သမီးတို့အဖွဲ့အနေနဲ့ (၂၄)ကြိမ်၊ (၂၅)ကြိမ်မြောက်တွေမှာ ယှဉ်ပြိုင်ခဲ့ပါတယ်။ နှစ်ကြိမ်လုံးမှာ ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ ဒီနှစ်အတွက်လည်း အကောင်းဆုံး အားထည့်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ လေ့ကျင့်ချိန်ကတော့ အများကြီးမရခဲ့ပါဘူး။ တိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ယှဉ်ပြိုင်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။ နှစ်တိုင်းလည်း ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

**မောင်ဟိန်းဇော်(မောင်စွမ်းထက်အောင် (ခ) သက်နိုင်ဦးနှင့်အဖွဲ့)**
**ကရင်ပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာ ဆိုင်းအဖွဲ့လိုက်**

ကျွန်တော်တို့အဖွဲ့ အနေနဲ့ ပထမဆုံး ဒီကိုလာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ သင်ပြပေးတဲ့ ဆရာရဲ့ကျွမ်းကျင်မှုကြောင့် အချိန်အားဖြင့် တစ်ပတ်လောက်ပဲ လေ့ကျင့်ခဲ့ရပါတယ်။ ပြိုင်ဘက်ကတော့ ရန်ကုန်ဖြစ်မယ်ထင်ပါတယ်။ ဒီကို လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် ပျော်ပါတယ်။

**မရွှေနဒီလင်းအောင်**
**(မမြတ်ဖူးသွယ်ချွန်နှင့်အဖွဲ့)**
**တနင်္သာရီတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆင့်မြင့်ပညာ ဆိုင်းအဖွဲ့လိုက်**

သမီးတို့အနေနဲ့ အစွမ်းကုန်လေ့ကျင့်ခဲ့ပါတယ်။ အချိန်ကတော့ လက်ရွေးစင်ရွေးပြီးကတည်းက တစ်လောက်လောက် နေ့တိုင်းလေ့ကျင့်ခဲ့ပါတယ်။ ခုလိုလာပြိုင်ရလို့ ဝမ်းလည်းဝမ်းသာပါတယ်။ ဂုဏ်လည်းယူရပါတယ်။ အတွေ့အကြုံအသစ်တွေလည်း အများကြီး ရရှိခဲ့ပါတယ်။ **သတင်းအဖွဲ့**


မောင်ဟိန်းဇော်(မောင်စွမ်းထက်အောင် (ခ) သက်နိုင်ဦးနှင့်အဖွဲ့)
ကရင်ပြည်နယ်ကိုယ်စားပြု အဆင့်မြင့်ပညာ ဆိုင်းအဖွဲ့လိုက်

# AA အကြမ်းဖက်သောင်းကျန်းသူများ၏ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်၊ ရောင်းချနေသော လုပ်ငန်းများနှင့်ပတ်သက်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

**နေပြည်တော် အောက်တိုဘာ ၉**

မီဒီယာများကို AA အကြမ်းဖက်သောင်းကျန်းသူများ ဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်ရောင်းချနေတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြောကြားလိုပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူများ ဦးစီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင် ရောင်းချနေတဲ့ လုပ်ငန်းတွေဟာ ကျွန်တော်တို့မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်သဖွယ်ဖြစ်ပေါ်လျက်ရှိပါတယ်။ AA သောင်းကျန်းသူအဖွဲ့ဟာ မူးယစ်ဆေးဝါးနဲ့ ရပ်တည်နေတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်အရင်ကလည်း ပြောပြီးဖြစ်ပါတယ်။ အခုလည်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်ဖြန့်ဖြူးရောင်းချမယ့် ငွေကျပ် ၁၉၅ ဒသမ ၈၅ ဘီလီယံတန်ဖိုးရှိတဲ့ အိုက်စ် ၃၄၃၈ ကီလိုဂရမ်နဲ့ ကက်တမင်း ၂၁၉၈ ကီလိုဂရမ်တွေကို ပြီးခဲ့တဲ့ စက်တင်ဘာလနောက်ဆုံးပတ်က ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုနဲ့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို မလိုလားတဲ့ တာဝန်သိပြည်သူတစ်ဦးရဲ့ သတင်းပေးချက်အရ မူးယစ်ဆေးဝါးတွေကို ရှမ်းပြည်နယ်ဘက်ကနေ အဲဒီကမှ ရန်ကုန်မြို့ကတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ မလေးရှားနိုင်ငံကို ပို့ဆောင်မယ့်အကြောင်း သိရှိရတဲ့အတွက် ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုတွေ လုပ်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် လှည်းကူးမြို့နယ် လှည်းကူး-ဖောင်ကြီးသွား ကားလမ်းပေါ်မှာ ယာဉ်မောင်းအောင်ခန့်ကျော်မောင်းနှင်ပြီး ယာဉ်နောက်လိုက် ထက်ဝေဖြိုးလိုက်ပါလာတဲ့ယာဉ်ပေါ်ကနေ အိုက်စ် ၁၄၃၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၃၅ ဒသမ ၉၇ ဘီလီယံဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးသယ်ဆောင်မယ့်ကိစ္စကို ချိတ်ဆက်ပေးတဲ့ သူတွေအပြင် ထပ်မံပြီး ထန်းတပင်မြို့နယ်၊ စည်ပင်သာကျေးရွာက ဇော်လင်းနဲ့ စောဇင်မင်းဟန်တို့အိမ်မှာ သိုလှောင်သိမ်းဆည်းထားတဲ့ အိုက်စ် ၁၉၉၉ ကီလိုဂရမ်၊ တန်ဖိုးငွေကျပ် ၄၉ ဒသမ ၉၇ ဘီလီယံခန့်နဲ့ တရားခံတွေနဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ သုံးခွမြို့နယ် သမစိတ္တကျေးရွာအနီးက ကျော်နိုင်ရဲ့ နေအိမ်ဂိုဒေါင်ကနေ ကက်တမင်း ၂၁၉၈ ကီလိုဂရမ် တန်ဖိုးငွေကျပ် ၁၀၉ ဒသမ ၉ ဘီလီယံခန့်နဲ့ မူးယစ်ဆေးဝါးသယ်ဆောင်ပေးခဲ့တဲ့ ယာဉ်မောင်း/ ယာဉ်မောင်းအကူတွေနဲ့ သယ်ဆောင်ရာမှာ အသုံးပြုခဲ့တဲ့ မော်တော်ယာဉ်တွေကိုလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသက မူးယစ်ဆေးဝါးတွေဖြစ်ပြီး AA သောင်းကျန်းသူအဖွဲ့ရဲ့ စီးပွားရေးတာဝန်ခံတွေဖြစ်တဲ့ ရဲဇော်နဲ့ချစ်မင်းတို့က ဝမ်ဟိုင်းကနေတစ်ဆင့် ရမည်းသင်း၊ ရန်ကုန်နဲ့ ရခိုင်ပြည်နယ်၊ အဲဒီကမှ မလေးရှားနိုင်ငံအထိ ပင်လယ်ရေလမ်းကြောင်းကနေ ပို့ဆောင်ဖို့ စီစဉ်ဆောင်ရွက်နေချိန်မှာ အခုလို ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များဟာ ၂၀၁၃ ခုနှစ်လောက်ကစပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချမှုတွေကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ထုပ်ပိုးမှုပုံစံမျိုးစုံနဲ့ သယ်ဆောင်တဲ့နေရာမှာလည်း ဆီဘောက်ဆာကားကို အံဝှက်လုပ်ပြီး သယ်ဆောင်တဲ့အထိ လုပ်ဆောင်ခဲ့ကြပါတယ်။ မူးယစ်ဆေးဝါးကို အဓိကကုန်ကူးရောင်းချနိုင်ဖို့အတွက် ပမာဏနည်းနည်းလေးကနေပြီး ကြီးမားတဲ့ပမာဏအထိ သယ်ဆောင်လုပ်ကိုင်နေတာမျိုးတွေ့ရပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့




ခေါင်းဆောင် ထွန်းမြတ်နိုင်ကိုယ်တိုင်က တာဝန်ပေးစေခိုင်းတဲ့အတွက် ဒီမူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းတွေကို လုပ်နေရတာဖြစ်ကြောင်းကိုလည်း ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူအဖွဲ့ဝင်တွေရဲ့ ထွက်ဆိုချက်တွေမှာ တွေ့နိုင်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ ၂၀၁၅ ခုနှစ်မှာ တစ်ကြိမ်ဖမ်းမိခဲ့တဲ့ ကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၆၅ ဘီလီယံခန့်၊ ၂၀၁၉ ခုနှစ်မှာ လေးကြိမ် ကာလတန်ဖိုးငွေကျပ် ၅၉ ဘီလီယံခန့်၊ ၂၀၂၀ ပြည့်နှစ်မှာ တစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀ ဘီလီယံ၊ ၂၀၂၃ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၅၅ ဒသမ ၈၇ ဘီလီယံ၊ ၂၀၂၄ ခုနှစ်မှာ နှစ်ကြိမ် ကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၂၂ ဘီလီယံခန့်နဲ့ အခု ၂၀၂၅ ခုနှစ်အတွင်းမှာ ၆ ကြိမ် ကာလတန်ဖိုးငွေကျပ် ၁၀၀၃ ဒသမ ၉၃ ဘီလီယံခန့်ဖြစ်ပြီး **၂၀၁၅ ခုနှစ်ကနေ ယခုအချိန်အထိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု စုစုပေါင်း ၁၆ ကြိမ်တိတိရှိခဲ့ပါတယ်။ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၂၃၃ ဒသမ ၆၇ ဘီလီယံအထိ ဖမ်းဆီးရမိခဲ့ပါတယ်။** ဒီပမာဏကိုကြည့်ရင် ဘယ်လောက်အန္တရာယ်များကြောင်း တွေ့နိုင်မှာဖြစ်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်မှာ သူတို့ထိန်းချုပ်ထားတဲ့ နေရာတွေကနေတစ်ဆင့် ဒေသတွင်းနေရာများကို ဘယ်လောက်အထိ မူးယစ်ဆေးဝါးတွေ ပို့ဆောင်နေခဲ့ကြောင်း ထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ်က AA သောင်းကျန်းသူအဖွဲ့နဲ့ ဆက်စပ်နေတဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာဆိုရင် AA သောင်းကျန်းသူအဖွဲ့ဝင် ဗိုလ်အဆင့်ရှိတဲ့ ထွန်းလင်း(ခ)ပြုံးချို၊ ဒုတိယဗိုလ်အဆင့်ရှိတဲ့ နေလင်းထွန်း(ခ)နောနော်(ခ) ကျော်စိုးနဲ့ ဒုတိယဗိုလ်အဆင့်ရှိသူ စိုးထွန်း၊ တပ်ကြပ်ကြီးအဆင့်ရှိသူ ကျော်ဟန်၊ တပ်သားအဆင့်ရှိတဲ့ ကျော်လင်းဆန်းနဲ့ တပ်သားအဆင့်ရှိတဲ့ ဦးထွန်းနုတို့ ခြောက်ဦး ပါဝင်ခဲ့ပါတယ်။ သူတို့ကို ကျွန်တော်တို့ စနစ်တကျစစ်ဆေးဖော်ထုတ်တဲ့အခါမှာ AA သောင်းကျန်းသူအဖွဲ့ခေါင်းဆောင်ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ AA သောင်းကျန်းသူ ဗိုလ်မှူးကြီးအဆင့်ရှိ ကျော်မြတ်ဦး(ခ) သားသား(ခ) ဝေသာထွန်းက ဦးစီးပြီး စီမံခန့်ခွဲလုပ်ဆောင်နေကြောင်း ထွက်ဆိုချက်တွေအရ တိကျစွာသိရှိရပါတယ်။ ဒီလိုပါပဲ နောက်ပိုင်းဖမ်းမိတဲ့ကိစ္စတွေမှာလည်း AA သောင်းကျန်းသူအဖွဲ့နဲ့ ပတ်သက်တဲ့သူတွေ၊ AA သောင်းကျန်းသူအဖွဲ့ဦးစီးပြီးလုပ်ကိုင်နေတဲ့ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေသူတွေသာ ဖြစ်ပါတယ်။

AA သောင်းကျန်းသူအဖွဲ့တွေဟာ ဒေသခံတွေကို ငွေကြေးနဲ့ မက်လုံးပေးပြီး မူးယစ်ဆေးဝါးတွေကို သယ်ဆောင်စေပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ဒေသခံတွေကို ရောင်းချတာအပြင် နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရေလမ်းကြောင်းကနေတစ်ဆင့် အခြားနိုင်ငံတွေကိုလည်း အဆင့်ဆင့်ချိတ်ဆက်ပို့ဆောင်ရောင်းချနေတာတွေ့ရပါတယ်။ ဒါတွေကို ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (BGB)ရဲ့ ရာမူးစစ်ဌာနချုပ်မှူးကိုယ်တိုင် စက်တင်ဘာလ ၁၅ ရက်နေ့က သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။ ယခင်ကတော့ ဒီ ရခိုင်-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ မြန်မာနိုင်ငံရဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့တွေ လုံခြုံရေးဆောင်ရွက်နေတဲ့ အခြေအနေမှာ ဒီလိုကိစ္စတွေကို ကောင်းမွန်စွာကိုင်တွယ်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အခုကတော့ သူတို့လွှမ်းမိုးနေတဲ့နယ်မြေမှာ AA သောင်းကျန်းသူတပ်ဖွဲ့ဝင်တွေကိုယ်တိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို မူးယစ်ဆေးဝါးတွေ အတားအဆီးမဲ့စွာ တင်သွင်းတင်ပို့နေကြောင်း တွေ့ရတာဖြစ်ပါတယ်။ ဒီလိုပို့ဆောင်ဖြန့်ဖြူးရရှိတဲ့ ငွေတွေကနေတစ်ဆင့် ရိက္ခာ၊ လက်နက်/ ခဲယမ်းတွေ ဝယ်ယူနေခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။

AA သောင်းကျန်းသူအဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေကလည်း မူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ဖြူးတဲ့လမ်းကြောင်းမှာ ပါဝင်ပတ်သက်နေပြီး အဲ့ဒီကနေရရှိလာတဲ့ အကျိုးအမြတ်တွေကို မျှော်လင့်ခဲ့ရာကနေပြီးတော့ ပမာဏကြီးကြီးဖမ်းဆီးခံလိုက်ရတဲ့အချိန်ရဲ့ နောက်ကွယ်မှာတော့ ငွေကြေး ကျပ်တည်းမှုတွေနဲ့အတူ စိတ်ဝမ်းကွဲပြားမှုတွေ၊ အလင်းဝင်ရောက်မှုတွေ၊ အချင်းချင်းစွပ်စွဲသတ်ဖြတ်မှုတွေ ဖြစ်ပေါ်နေတာလည်း တွေ့ရပါတယ်။ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးက PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေဟာ တရားဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာမှု ၈၂၃ ဦးအထိ ရှိလာပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အလင်းဝင်ဖို့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ အဖွဲ့တွေလည်းရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၈ ခုနှစ်ကနေ ယခုအထိ EAO တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်း ၂၇ ကြိမ် ကြေညာခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံရေးအရသဘောထားကွဲလွဲမှုကြောင့် အကြမ်းဖက်ဖြစ်နေတဲ့ PDF အပါအဝင် အခြားအဖွဲ့အစည်းများကိုလည်း ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ သုံးကြိမ်တိုင် ဖိတ်ခေါ်ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြောချင်တာက AA သောင်းကျန်းသူအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်အတွင်းမှာသာမက မြန်မာနိုင်ငံအတွင်း ဒေသတွင်းနိုင်ငံတွေအထိ လူသားမျိုးနွယ်စုရဲ့အန္တရာယ်ဖြစ်တဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်တာတွေ၊ ဖြန့်ဖြူးတာတွေလုပ်ဆောင်လျက်ရှိတဲ့အပြင် လူမျိုးရေးအကြောင်းပြပြီး သောင်းကျန်းသူအဖြစ်ဆောင်ရွက်လျက်ရှိပါတယ်။ လူမျိုးရေးအကြောင်းပြပြီး ဆောင်ရွက်နေတာဖြစ်ပေမယ့် ရခိုင်လူငယ်တွေပဲ မူးယစ်ဆေးဝါးရဲ့သားကောင်တွေ ဖြစ်ပေါ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအနေနဲ့ ဒီလိုအစွန်းရောက် လုပ်ဆောင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူ Arakan Drug Army (AA မူးယစ်ဆေးဝါး သောင်းကျန်းသူ) များကို ဆန့်ကျင်ဖို့၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အကျိုးယုတ်စေမယ့်လုပ်ငန်းတွေဖြစ်လို့၊ ဒေသတွင်းနိုင်ငံများကိုပါ အန္တရာယ်ကျရောက်စေမယ့်လုပ်ငန်းတွေဖြစ်လို့ အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့နဲ့ ရရှိလာတဲ့သတင်းများကို တာဝန်ရှိသူများထံ အချိန်မီပေးပို့ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

---

✻ *ကျောဖုံးမှ*

တိုက်စစ်ပိုင်းထက်မြက်ပြီး ခံစစ်ပိုင်းတည်ငြိမ်သည့် အာဂျင်တီးနား ယူ-၂၀အသင်းထက် ခြေစွမ်းကောင်း ပြသနိုင်ခဲ့သော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ နောက်တစ်ဆင့်တက်လှမ်းခွင့် လွဲချော်ခဲ့သည်။

အာဂျင်တီးနား ယူ - ၂၀ အသင်းက ပြိုင်ဘက် နိုင်ဂျီးရီးယား ယူ-၂၀ အသင်းထက် ဂိုးပေါက်ခြိမ်းခြောက်မှု နည်းပါးခဲ့သော်လည်း ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေးများကို အမိအရအသုံးချပြီး သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ဂိုးပြတ်နိုင်ပွဲနှင့်အတူ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနား ယူ - ၂၀ အသင်းသည် အုပ်စုတွင်းပွဲစဉ်သုံးပွဲတွင်လည်းသုံးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ကာ အုပ်စုပထမဖြင့် ၁၆ သင်းအဆင့်တက်လှမ်းလာသည့်အသင်းဖြစ်သည်။

အာဂျင်တီးနား ယူ - ၂၀ အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် မက္ကဆီကို ယူ - ၂၀ အသင်းနှင့် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မက္ကဆီကိုအသင်းသည် ၁၆ သင်းအဆင့်တွင် ချီလီ ယူ-၂၀ အသင်းနှင့် တွေ့ဆုံခဲ့ပြီး လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသည့် အသင်းဖြစ်သည်။

**အောင်ဇော်**

■ *ကျောဖုံးမှ*

ကျောင်းသား ကျောင်းသူ ၁၇၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၂၁ ဦး အထိ ရှိပြီဖြစ်ပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသမှ ကျောင်းသား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၅၇ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာ ငါးဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှေ့၌ ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပြည်သူများ မိမိတို့၏ ဆန္ဒမဲပေးပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေး ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့၌ ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ "နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့" ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၀) ရပ်ကွက်၊ ရန်ကင်းမြို့နယ် အမှတ်(၁၃) ရပ်ကွက်နှင့် ကမာရွတ်မြို့နယ် အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို ပြည်သူများ လာရောက်ကြည့်ရှုပြီး မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စိစစ်ဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုကြသည်။ **(ယာပုံ)**

ရွေးကောက်ပွဲဆိုင်ရာ နှိုးဆော်အသိပညာပေး မြေစိုက်ပိုစတာများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ နေရာ ၈၉ နေရာတို့တွင် ပိုစတာ စုစုပေါင်း ၁၇၈ ခု တစ်ပြိုင်တည်း စိုက်ထူခဲ့ကြကြောင်း သိရသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် "ဘေးဒဏ်ကြံ့ကြံ့ခိုင်နိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ တာဝန်ရှိသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် အောက်တိုဘာ ၉**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများ ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပန်းများဝေစီသီချင်းဖြင့် သီဆိုဂုဏ်ပြု ဖွင့်လှစ်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်က တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုထိုက်လို့ ဂုဏ်ပြုလိုက်သည်သီချင်းဖြင့် လည်းကောင်း၊ ရမ္မဇူကျောင်းမှ ကျောင်းသား ကျောင်းသူများက ဖူးပွင့်ဝေစီ အနာဂတ်ဆီ သီချင်းဖြင့် လည်းကောင်း သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူး ရရှိအောင် သင်ကြားပေးနိုင်သော အထူးချွန်ဆုံးကျောင်းများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ကိုးဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ ၁၆ ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ၂၁ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၃၂ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၄၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၂၀၃ ဦးနှင့် အောင်ချက်အကောင်းဆုံးရရှိသော မြို့နယ်များ၊ ကျောင်းများကို ဂုဏ်ပြုဆုများချီးမြှင့်သည်။

ယင်းနောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအတွင်း အမှတ်အများဆုံးရရှိသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူ မဖူးမြတ်ခင်ခင်က ကျေးဇူးတင်စကားပြောကြားပြီး အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လမ်းပြကြယ် သီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# ကချင်ပြည်နယ်တရားလွှတ်တော်ရုံး RC လေးထပ်အဆောက်အအုံသစ် တည်ဆောက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၉**

ကချင်ပြည်နယ်၏ တရားရေးမဏ္ဍိုင်အတွက် အဓိကကျသည့် ပြည်နယ် တရားလွှတ်တော်ရုံး အဆောက်အအုံသစ်ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စတင်တည်ဆောက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

ညှိနှိုင်း အစည်းအဝေးတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်တရားလွှတ်တော်ရုံးအဆောက်အအုံသစ် ရရှိရေးအတွက် မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ် (၄/ယောရင်ကွင်း) ဦးပိုင်အမှတ် (၃၅/၂ င၊ ၃၅/၂ စ)၊ ဧရိယာ ၂ ဒသမ ၂၇ ဧကပေါ်တွင် ခေတ်စနစ်နှင့် လျော်ညီပြီး တရားရေးမဏ္ဍိုင်၏ အဓိကအဆောက်အအုံအဖြစ် ခန့်ညားထည်ဝါသည့် RC လေးထပ်အဆောက်အအုံသစ်ကို ရန်ပုံငွေကျပ်သန်း ၃၀၀၀၀ ဖြင့် ဆောက်လုပ်သွားမည် ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ တည်ဆောက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်က တရားလွှတ်တော်ရုံးသစ် တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိသည့် အစီအစဉ်များကိုပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘဏ္ဍာငွေရရှိမှု၊ တင်ဒါအောင်မြင်ခဲ့သည့် အခြေအနေ၊ တရားလွှတ်တော်ရုံးသစ် ပေ (၂၀၆ x ၁၅၃) ရှိ RC လေးထပ်အဆောက်အအုံသစ် တည်ဆောက်သွားမည့် အစီအစဉ်များ၊ တင်ဒါစနစ်ဖြင့် တည်ဆောက်သည့် လုပ်ငန်းစီမံကိန်းနှင့်စပ်လျဉ်း၍ အလေးထားလိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တရားလွှတ်တော်ရုံးသစ် တည်ဆောက်မည့်မြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ညပိုင်းတွင် ပြည်နယ်အစိုးရ အဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော ပြည်နယ် အေရိုးဗစ်အသင်းနှင့် တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားနှစ်ယောက်တွဲ တတိယဆုနှင့် အမျိုးသမီးအသင်းလိုက် တတိယဆု ရရှိခဲ့သော ပြည်နယ်တင်းနစ်အသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် အလတ်စားစက်သုံးဆီ လုပ်ငန်းရှင်များအသင်းနှင့် လုပ်ငန်းရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး ဂုဏ်ပြုညစာကို ရင်းနှီးနွေးထွေးစွာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

## သုံးခွမြို့နယ်၌ အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲကျင်းပ

**သုံးခွ အောက်တိုဘာ ၉**

သုံးခွမြို့နယ်တွင် ရုရှားနိုင်ငံ Kronstadt ခရိုင်နှင့် မြန်မာနိုင်ငံ သန်လျင်ခရိုင် နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်က အထက(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးလှမျိုးထွန်းက ပန်းချီပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားပြီး သုံးခွမြို့နယ်အတွင်းရှိ အထက်တန်း ကျောင်းသားကျောင်းသူ ၁၆ ဦး၊ အလယ်တန်း ၁၈ ဦး၊ မူလတန်း ကိုးဦးတို့က နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပန်းချီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

## ပလောက်မြို့၌ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ရောင်းချ

**ပလောက် အောက်တိုဘာ ၉**

ပလောက်မြို့ မြေဩဇာဖြန့်ဖြူးရေးကော်မတီကဦးဆောင်၍ မိုးစပါးနှင့် ဆောင်းသီးနှံ(မတ်ပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်း) စိုက်ပျိုးသူ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချခြင်းကို ယနေ့နံနက် ၁၀ နာရီက ပလောက်မြို့စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဟိန်းမင်းအောင်က အမှာစကားပြောကြားပြီး ပလောက်မြို့ စိုက်ပျိုးရေးလက်ထောက်ဦးစီးမှူး ဦးမင်းထိုက်ဦးက ယူရီးယား ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ



ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပလောက်မြို့ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာအိတ်များကို ပလောက်မြို့ရှိ မိုးစပါးနှင့် ဆောင်းသီးနှံ(မတ်ပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်း) စိုက်တောင်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

## သဲကုန်းမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**သဲကုန်း အောက်တိုဘာ ၉**

သဲကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်



များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးများအား အသည်းရောင်အသားဝါ (ဘီ)ရောဂါ၊ မေးခိုင်ရောဂါ၊ တီဘီရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် ဝက်သက်ရောဂါတို့မှ ကင်းဝေးစေရန် အသက်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများထိုးပေးခြင်း၊ ဂျပန်ဦးနှောက်ရောင်၊ ဂျိုက်သိုး အစရှိသည့် ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခြင်း၊ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်

**သရက်ချောင်း အောက်တိုဘာ ၉**

သရက်ချောင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား (စတုတ္ထအကြိမ်) ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်ခြင်းကို စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ သရက်ချောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ



ဦးဇော်မင်းက ၂၀၂၅ ခုနှစ်အတွက် မိုးရာသီမိုးစပါး ပန်းတိုင်စံပြကျေးရွာ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား (စတုတ္ထအကြိမ်) ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများထံ ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်သည်။ သရက်ချောင်းမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ နှုန်းဖြင့် စုစုပေါင်း အိတ် ၄၀၀ ကို ကျေးရွာ ၁၃ အုပ်စုရှိတောင်သူများအား ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ ပလတ်စတစ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းယောင်း အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး တာဝန်သိသိ ပူးပေါင်းပါဝင်ဆောင်ရွက် ခေါင်းစဉ်ဖြင့် ပလတ်စတစ်အန္တရာယ်ဆိုင်ရာအသိပညာပေး Talk Show ကို ကျင်းပသည်။

အဆိုပါ Talk Show တွင် ရပ်သံကျွမ်းကျင် (၃) ဒေါ်နန်းစီဖောင်းက ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့ပြဿနာကြီးတစ်ခုဖြစ်နေပြီး နှစ်စဉ် ပလတ်စတစ်ထုတ်လုပ်မှုမှာလည်း မြင့်တက်လျက်ရှိကြောင်း၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံသားတိုင်းသည်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည့်အလျောက် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် တာဝန်သိစွာ အားလုံးပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းသရုပ်ပြပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၉**

မော်လမြိုင်ကျွန်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ – ၂၀၂၆ ခုနှစ် ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးနည်းသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကွမ်းခြံချောင်းကျေးရွာ အောင်တော်မူ သာသနာ့ရောင်ခြည်ကျောင်းဝင်းမြေ တစ်ဧကပေါ်တွင် စိုက်ပျိုးသရုပ်ပြ ခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဌေးနှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များက ကော်ဖီပျိုးပင်များ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ရဲကိုမောင် (ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ်၌ တောင်သူများ မိသားစုဝင်ငွေ တိုးပွားစေရေး ကော်ဖီပျိုးပင်များ ပေးအပ်

**ဒေးဒရဲ အောက်တိုဘာ ၉**

ဒေးဒရဲမြို့နယ်အတွင်းရှိ ကော်ဖီစိုက်ပျိုးမည့် တောင်သူများအား ကော်ဖီပျိုးပင်များ ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က ကော်ဖီစိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်၊ ကော်ဖီစိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမည့် ဌာနဆိုင်ရာများနှင့်တောင်သူများထံ ကော်ဖီပျိုးပင်များ ပေးအပ်ခဲ့သည်။

ဒေးဒရဲမြို့နယ်တွင် ၂၀၂၅–၂၀၂၆ ခုနှစ်တွင် ၂၅ ဧကအတွက် ပျိုးပင် ၁၀၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **အေဇာလင်း**



## အောင်လံမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးဆောင်ရွက်

**အောင်လံ အောက်တိုဘာ ၉**

အောင်လံမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် လိုင်းနှင့်မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးတင့်လွင်ဦး ဦးဆောင်သော ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**



# ၄၈ နာရီအတွင်း ဝန်ကြီးချုပ်အသစ်ခန့်အပ်မည်ဟု ပြင်သစ်သမ္မတပြောကြား

**ပါရီ အောက်တိုဘာ ၉**

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်သည် လာမည့် ၄၈ နာရီအတွင်း ဝန်ကြီးချုပ်သစ် ခန့်အပ်မည်ဟု အောက်တိုဘာ ၈ ရက်တွင် ပြောသည်။

ယင်းသို့ ပြုလုပ်ခြင်းဖြင့် ယခုအချိန်တွင် အလျင်အမြန်ရွေးကောက်ပွဲ ခေါ်ယူခြင်းကို ရှောင်ရှားနိုင်မည် ဖြစ်ကြောင်း၊ အောက်တိုဘာ ၆ ရက်က ရာထူးမှ နုတ်ထွက်သွားသည့် ဝန်ကြီးချုပ် ဆီဘက်စတီယန်း လီကော်နူး၏နေရာတွင် ဝန်ကြီးချုပ်အသစ်အစားထိုး ခန့်အပ်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတက ပြောကြားလိုက်ခြင်းဖြစ်သည်။



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်

လီကော်နူး ဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်မှာ တစ်လပင် မပြည့်သေးကြောင်း၊ လီကော်နူးသည် သမ္မတ မက်ခရွန်၏ အစိုးရအဖွဲ့အောက်တွင် နိုင်ငံရေး မတည်မငြိမ်မှုများကြောင့် ယမန်နှစ် ဇန်နဝါရီလမှစတင်၍ ရာထူးမှနုတ်ထွက်ခဲ့သည့် ပဉ္စမမြောက် ဝန်ကြီးချုပ်လည်း ဖြစ်ကြောင်း သိရသည်။

သမ္မတ၏တောင်းဆိုချက်အရ လီကော်နူးသည် ရာထူးမှ နုတ်ထွက်ပြီးနောက် အတိုက်ခံများနှင့် ဆက်လက်ဆွေးနွေးပြောဆိုခဲ့သည်။ ယင်းနောက် အောက်တိုဘာ ၈ ရက်တွင် သမ္မတရုံး၏ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဆွေးနွေးပြောဆိုမှုများ၏ ရလဒ်အပေါ်အခြေခံ၍ အတိုက်အခံပါတီအချို့ တောင်းဆိုနေသည့် အမြန်ဆုံးရွေးကောက်ပွဲကျင်းပရေးအတွက် ပါလီမန်ကို ဖျက်သိမ်းရန် သမ္မတအား ဖိအားပေးနိုင်သည်ဟု ပြင်သစ်မီဒီယာတွင် ဖော်ပြထားသည်။ ဝန်ကြီးချုပ်အသစ် ခန့်အပ်ခြင်းဖြင့် ပြင်သစ်နိုင်ငံ၏ နိုင်ငံရေး အကျပ်အတည်းကို ကူညီဖြေရှင်းနိုင်မည်ဟုတ် မဟုတ် မသေချာသေးကြောင်း လေ့လာသူများက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း မတ်မိုကြောင့် ၁၀ ဦးသေဆုံး

**ဟန္နိုင်း အောက်တိုဘာ ၉**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် မြောက်အလယ်ပိုင်း တစ်ဝန်း တိုင်ဖွန်းမုန်တိုင်း မတ်မိုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှု ဖြစ်ပွားသဖြင့် ၁၀ ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ဗီယက်နမ် သဘာဝဘေးနှင့် တာတမံစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

နေအိမ်ပေါင်း ၂၂၀၀၀ ကျော် ရေကြီးနစ်မြုပ်သွားပြီး အခြားနေအိမ် ၇၁၁ လုံးမှာ ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်းနှင့် ဆန်စပါးနှင့် အခြားသီးနှံ ဟက်တာ ၂၃၀၀၀ ခန့် ရေမြုပ်သွားခဲ့ကြောင်း၊ ကြက်၊ ဘဲ၊ ကျွဲ၊ နွား၊ ဝက် စသည့် မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေ ၃၆၀၀၀၀ နီးပါး မျောပါသေဆုံးခဲ့ကြောင်း သိရသည်။



ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ လမ်းမပေါ်၌ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးနေမှုကို အောက်တိုဘာ ၇ ရက်က တွေ့ရစဉ်။

ဆက်သွယ်ရေးကွန်ရက် တချို့ တစ်ဝက် ပြတ်တောက်သွားသည့်အတွက် အိမ်ထောင်စု ၂၇၀၀၀ ကျော်မှာ လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ်ဒေါင် ဘီလီယံ ၁၄၀(အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ သန်းခန့်)တန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများကို သဘာဝဘေးသင့် ပြည်နယ်များအတွက် ကူညီပံ့ပိုးရန် အောက်တိုဘာ ၈ ရက်တွင် ဗီယက်နမ်အစိုးရက သဘောတူခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဟန်ဂေရီစာရေးဆရာ ၂၀၂၅ စာပေဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခံရ


# နိုဘယ်ဆုချီးမြှင့်ခံရသည့် ဒုတိယမြောက် ဟန်ဂေရီ စာရေးဆရာတစ်ယောက်ဖြစ်လာ

**စတော့ဟုမ်း အောက်တိုဘာ ၉**

ဟန်ဂေရီစာရေးဆရာ လက်စ်ဇလိုခရက်စ်ဇနာ ဟော်ကိုင်အား ၂၀၂၅ စာပေဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခဲ့သည့်အတွက် ၎င်းသည် နိုဘယ်ဆုချီးမြှင့်ခံရသည့် ဒုတိယမြောက် ဟန်ဂေရီ စာရေးဆရာ တစ်ယောက်ဖြစ်လာခဲ့သည်ဟု တော်ဝင်ဆွီဒင်အကယ်ဒမီက အောက်တိုဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

ခရက်စ်ဇနာဟော်ကိုင်အား ကမ္ဘာပျက်သည့်အလားကြောက်စရာကောင်းသည့် အခြေအနေတွင် အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး စိတ်ကူးဉာဏ်ကွန့်မြူးနိုင်သည့် အနုပညာမြောက်လက်ရာဖန်တီးနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ နိုဘယ်ဆုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း တော်ဝင်ဆွီဒင် အကယ်ဒမီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ရိုမေးနီးယားနယ်စပ် ဟန်ဂေရီ အရှေ့တောင်ပိုင်း ဂျူလာမြို့ငယ်လေးတွင် ၁၉၅၄ ခုနှစ်တွင်မွေးဖွားခဲ့သော ခရက်စ်ဇနာဟော်ကိုင်သည် ၎င်း၏ပွဲဦးထွက်ဝတ္ထု "ဆန်တန်တန်ဂို" (၁၉၈၅) ဖြင့် သူ၏စာပေအောင်မြင်မှုများရရှိခဲ့သည်။ အဆိုပါစာအုပ်သည် ဟန်ဂေရီတွင် ကျော်ကြားခဲ့သည်။ စာပေနိုဘယ်ဆုရှင်၏လက်ရာကို ဗဟိုဥရောပ၏ အထူးခြားဆုံး စာပေများထဲမှ တစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။




၎င်းသည် ဗဟိုဥရောပအစဉ်အလာတွင် ကြီးကျယ်ခမ်းနားသော စာရေးဆရာတစ်ယောက်ဖြစ်လာခဲ့သည်။ **ဆင်ဟွာ**

# လေယာဉ်ပျံတက်ပြီးနောက် ခရီးသည်ထိုင်ခုံအောက်ရှိ ဘက်ထရီအားသွင်းကိရိယာမှ မီးခိုးများထွက်လာ

**တိုကျို အောက်တိုဘာ ၉**

အောက်တိုဘာ ၉ ရက် အိုကီနာဝါမှ တိုကျိုရှိ ဟနဲဒါ လေဆိပ်သို့ပျံသန်းသော အောနီပွန် အဲဝေးလေယာဉ်အတွင်း ခရီးသည်ထိုင်ခုံအောက်ရှိ အိတ်ဆောင်ဘက်ထရီအားသွင်းကိရိယာမှ မီးခိုးများထွက်လာခဲ့ကြောင်း သိရသည်။

ခရီးသည်တစ်ဦးမှ မီးခိုးထွက်နေသည့် ဘက်ထရီအားသွင်းကိရိယာကို ရေဘူးမှရေဖြင့် ငြိမ်းသတ်ခဲ့ပြီး တစ်စုံတစ်ယောက်မျှ ဒဏ်ရာ ရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ အဆိုပါလေယာဉ်သည် နာဟာလေဆိပ်မှ ပျံတက်ပြီးမကြာမီ နံနက် ၁၁ နာရီဝန်းကျင်တွင် ယခုလိုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်အရ သိရသည်။ လေယာဉ်အမှုထမ်းများသည် လေယာဉ်ပျံတက်ချိန် ၎င်းတို့ထိုင်ခုံများတွင် ခါးပတ်များပတ်ထားဆဲဖြစ်ပြီး မီးခိုးများထွက်လာရာနေရာအနီးမှ ခရီးသည်သည် ရေဘူးမှရေဖြင့် ငြိမ်းသတ်ခဲ့သည်။

ဘက်ထရီအားသွင်းကိရိယာမှ မီးခိုးများ ထပ်မံမထွက်တော့ကြောင်း လေယာဉ်အမှုထမ်းများက အတည်ပြုပြီးနောက် လေယာဉ်ခရီးစဉ်ကို ချောချောမွေ့မွေ့ ပျံသန်းနိုင်ခဲ့သည်။ လေယာဉ်ပေါ်လိုက်ပါလာသည့် ၃၆၅ ဦးစလုံး ဒဏ်ရာရရှိခဲ့ခြင်းမရှိချေ။ အဆိုပါဘက်ထရီအားသွင်းကိရိယာကို လစ်သီယံဘက်ထရီဖြင့် ပြုလုပ်ထားသည်။ ခရီးသည်များအနေဖြင့် ၎င်းတို့၏ လက်ဆွဲအိတ်အတွင်း ဘက်ထရီအားသွင်းကိရိယာကို သတ်မှတ်ထားသည့် ဓာတ်အားပမာဏအတွင်း ယူဆောင်ခွင့်ပြုထားသည်။

ဘက်ထရီအားသွင်းကိရိယာကို အပေါ်ဘက်ဗီရိုထဲတွင်မထားဘဲ လက်လှမ်းမီသည့်နေရာတွင်သာထားရန် ဂျပန်သယ်ယူပို့ဆောင်ရေးဌာနနှင့် လေကြောင်းလိုင်းတို့က အကြံပြုထားသည်။ ဒစ်ဂျစ်တယ်ပစ္စည်းများအားသွင်းနေစဉ် မျက်ခြည်မပျက် စောင့်ကြည့်ရန်လည်း အကြံပြုထားသည်။ **အင်န်အိတ်ချ်ကေ**



# ဖိလစ်ပိုင်၌ လှုပ်ခတ်သည့် ငလျင်ကြောင့် သေဆုံးသူပေါင်း ၇၄ ဦးရှိ၊ လူပေါင်း ၆၆၆၀၀၀ ခန့် ထိခိုက်

**မနီလာ အောက်တိုဘာ ၉**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ စက်တင်ဘာ ၃၀ ရက်က ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက် ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများအောက်မှ သေဆုံးသူနှစ်ဦးကို ပြန်လည်တွေ့ရှိခဲ့သဖြင့် သေဆုံးသူစုစုပေါင်း ၇၄ ဦးရှိပြီဖြစ်ကြောင်း ဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုက အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

ဖိလစ်ပိုင်နိုင်ငံ ဆီဘူးပြည်နယ်၌ လှုပ်ခတ်ခဲ့သည့်ငလျင်မှာ အနက် ၅ ကီလိုမီတာရှိရာ လူပေါင်း ၅၅၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုကောင်စီက ထပ်မံထုတ်ပြန်ထားသည်။

ငလျင်ကြောင့် မိသားစု ၁၈၉၀၀၀ ကျော် (သို့မဟုတ်) လူပေါင်း ၆၆၆၀၀၀ ခန့် ထိခိုက်ခဲ့ကြောင်း၊ အခြေခံအဆောက်အဦ၊ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ပညာအဖွဲ့အစည်းက နောက်ဆက်တွဲငလျင်များကို မှတ်တမ်းတင်ထားပြီး ပြည်သူများ ဘေးကင်းစေရေးအတွက် လမ်းတစ်လျှောက်နှင့် ယာယီသုံးရွက်ဖျင်တဲများတွင် နေထိုင်ကြရန် တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင်ကျရောက်မည့် **(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို** အောက်တိုဘာ ၁၀ ရက် သောကြာနေ့ ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို** မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီများရှင် ရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ညီမင်းလွင်၊ မိုးယံဇွန်၊ ပိုင်စစ်မှူး၊ တာရာလင်းလက်၊ အကယ်ဒမီ ခင်သီတာထွန်း၊ အကယ်ဒမီများရှင် မေသန်းနု၊ ဆုပန်ထွာ၊ ခြူးစစ်ဟန်၊ သဒ္ဒါနန်းထိုက်၊ ဆောင်းယွန်းစံ၊ သော်တာလှိုင်ထွန်းနှင့် မေရီဝင်းတို့က အောင်မြင်ကျော်ကြားခဲ့သည့် ရုပ်ရှင်ဇာတ်ဝင်တေးများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်သည့်အပြင် အောက်တိုဘာ ၁၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV -HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များငှားပေး

**ကိုကိုးကျွန်း အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များသို့ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များငှားရမ်းပေးခြင်းကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုကိုးကျွန်းမြို့နယ်ရှိဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ရပ်ကွက်အတွင်းရှိဈေးဆိုင်များသို့ ယခင်ငှားပေးထားသော စာအုပ်များကို ပြန်လည်သိမ်းဆည်းပြီး ယခုအပတ်တွင် သုတ၊ ရသစာအုပ်များကို ထပ်မံပြန်လည်ငှားရမ်းပေးခဲ့သည်။ ထိုသို့ ပြန်လည်ငှားရမ်းပေးရခြင်းမှာ စာပေဖတ်ရှု၍ ဗဟုသုတများရရှိစေရန် ရည်ရွယ်ကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားပေးခြင်းဖြစ်သည်။

ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေးခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများမှ အပတ်စဉ် ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ ရပ်ကွက်များသို့ အလှည့်ကျ သွားရောက်ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

# ချောက်မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်

**ချောက် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းများကို ယနေ့ နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးအရာရှိဦးသိန်းဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများ၊ ဈေးတာဝန်ခံ ဦးရဲကြည်ဆွေနှင့် ဈေးကော်မတီဝင်များ၊ ဈေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့မဈေးကြီး၌ DCP မီးသတ်ဆေးဘူးအားအသုံးပြုရရှိမှု ရှိမရှိစစ်ဆေးခြင်း၊ အပေါ့စားမီးငြိမ်းသတ်စက်တို့၏ စက်ကြွံခိုင်ကောင်းမွန်မှုရှိ မရှိ စစ်ဆေးခြင်း၊ မြို့မဈေးအတွင်း ရေဂါလန် ၂၇၀၀ ဆံ့ မြေအောက်ရေကန် နှစ်ကန်နှင့် ဆက်သွယ်တပ်ဆင်ထားသည့် ရေပိုက်များကို မီးသတ်စက်များဖြင့် ရေစုပ်ပက်ဖျန်းစမ်းသပ်ခြင်းများဆောင်ရွက်ခဲ့ပြီး မီးလောင်လွယ်ကူသည့် အမှိုက်သရိုက်နှင့် မိုးကာအစုတ်အပြဲများကို ရှင်းလင်းဖယ်ရှားခြင်း၊ လျှပ်စစ်မီန်းခုံနှင့် လျှပ်စစ်ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြည့်မှုမရှိစေရေးတို့ကို မြို့နယ်မီးဘေးလုံခြုံရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၂၇၁ တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၂၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက်တွင် ရွှေဘိုမြို့နယ် အမှတ်(၁၀)ရပ်ကွက်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ငါးစီး၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၄၀၀၀၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေတူးဖော်ရာတွင်အသုံးပြုသည့် မှုံ့အိုး ငါးလုံးအပါအဝင် ဆက်စပ်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ဝ ဒသမ ၄၁၀ တန်၊ အခြားသစ် ၂ ဒသမ ၇၇၆ တန်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၂၄၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် စစ်တွေခရိုင် စစ်တွေမြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁ ရက်တွင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၁၉၇ တန်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၆၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၇၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan Delivery Van တစ်စီး၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း ငါးမျိုး၊လုပ်ငန်းသုံးပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၁၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Mini Bus တစ်စီး၊ Amandla Micro Bus တစ်စီး၊ Mitsubishi Fuso Bus တစ်စီး၊Toyota Corolla Fielder တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀ နှင့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၁၆၉၇၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁ ရက်၊ ၂ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၃၆၉၇၈၈) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး “နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” မြေစိုက်ပိုစတာကို အောက်တိုဘာ ၉ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာနေရာများ၌ စိုက်ထူထားကြောင်း သိရသည်။


သုံးခွမြို့ — စည်သူလင်း(မြန်/ဆက်)


ကလေးမြို့ — ခရိုင်(မြန်/ဆက်)


ဒလမြို့နယ် — ခင်စန္ဒာမြင့်(မြန်/ဆက်)


သာစည်မြို့ — မြို့နယ်(မြန်/ဆက်)


မော်လမြိုင်မြို့ — ခင်စန်းမြင့်(မြန်/ဆက်)


ရွှေကူမြို့ — မြို့နယ်(မြန်/ဆက်)


ရန်ကင်းမြို့နယ် — လှလှထွေး(မြန်/ဆက်)


ကိုကိုးကျွန်းမြို့နယ် — ထွန်းထွန်းဇော်(မြန်/ဆက်)


ရွှေဘိုမြို့ — ခရိုင်(မြန်/ဆက်)


ကလေးဝမြို့ — မြို့နယ်(မြန်/ဆက်)


တံတားဦးမြို့နယ် — ရဲတင့်(မြန်/ဆက်)


ငါန်းဇွန်မြို့နယ် — မြို့နယ်(မြန်/ဆက်)


မြဝတီမြို့ — ဆောင်းနှင်းဖြူ(မြန်/ဆက်)


ပုဇွန်တောင်မြို့နယ် — ဟန်စုယဉ်(မြန်/ဆက်)


သင်္ဃန်းကျွန်းမြို့နယ် — ဇော်မိုး(သင်္ဃန်းကျွန်း)


ပုသိမ်ကြီးမြို့နယ် — မြို့နယ်(မြန်/ဆက်)


သန်လျင်မြို့ — သန်းဝင်း(သန်လျင်)


ပြင်ဦးလွင်မြို့ — ခရိုင်(မြန်/ဆက်)

## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပရိက္ခရာလမ်းနှင့် ဗောဓိပင်လမ်းထောင့်ရှိ မြို့နယ်သမဝါယမအသင်းစုပိုင် မြေအလျား (၅၆/၆၄)ပေ၊ အနံ (၅၁/၆၂)ပေ၊ မြေနှင့် ၎င်းမြေပေါ်ရှိ နှစ်ထပ်သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်းအဆောက်အအုံအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - (၁၀-၁၀-၂၀၂၅) မှ (၁၆-၁၀-၂၀၂၅)ထိ
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** - (၁၆-၁၀-၂၀၂၅)၊ ညနေ (၁၆:၀၀) နာရီ
**လေလံဖွင့်ဖောက်မည့်ရက်** - (၁၇-၁၀-၂၀၂၅)၊ နံနက် (၁၁:၀၀)နာရီ
**လေလံလျှောက်လွှာရောင်းချမည့်နေရာ** - မြန်အောင်မြို့နယ်သမဝါယမအသင်းစုရုံး

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့ထံ အပ်နှံရမည်ဖြစ်ပြီး လေလံလျှောက်လွှာကို လျှောက်လွှာပိတ်သိမ်းမည့် (၁၆-၁၀-၂၀၂၅)ရက်၊ ညနေ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ မြန်အောင်မြို့နယ် သမဝါယမအသင်းစုသို့ ပေးသွင်းရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးနောက်နေ့ (၁၇-၁၀-၂၀၂၅)ရက်၊ နံနက် (၁၁:၀၀)နာရီ လေလံဖွင့်လှစ်ရောင်းချခြင်းကို မြန်အောင်မြို့နယ်သမဝါယမအသင်းစုရုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ ဆက်သွယ်ရန်၊ (ဖုန်း-၀၉-၄၂၈၅၇၁၇၇၈၊ ၀၉-၇၈၄၅၄၂၀၃၊ ၀၉-၆၈၇၀၈၀၆၇၈)

**လေလံကော်မတီ**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ပန်းသစ်ထွန်းကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မနှင်းဝတ်ရည်ဖူးနှင့် Grade-11မှ မသွယ်ဇင်ဖူးတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းညိမ်း ၉/နထက(နိုင်) ၀၁၅၃၇၁ဖြစ်ပါကြောင်း။

**ဦးထွန်းညိမ်း**
**၉/နထက(နိုင်)၀၁၅၃၇၁**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အထက ဒါးကမှ ဒု-အလယ်တန်းပြ ဆရာမ ဒေါ်ခင်ဝတ်မှုံစီ ၁၄/ကကထ(နိုင်) ၁၃၂၇၅၇နှင့် နန့်ခင်ဝတ်မှုံစီ သည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်ဝတ်မှုံစီ(ခ)နန့်ခင်ဝတ်မှုံစီ**
**၁၄/ကကထ(နိုင်)၁၃၂၇၅၇**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးတွင် အငယ်တန်းစာရေး ဒေါ်ခင်ဝင်းရွှေ ၁၄/ကကထ (နိုင်)၁၈၈၇၁၇၏ ဖခင် ဦးကျော်ထီးနှင့် ဦးဇော်မင်းမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ထီး(ခ)ဦးဇော်မင်း**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးနိုင်ဝင်း ၁၄/ပသရ(နိုင်)၁၁၂၈၁၃ ၏ ဖခင် ဦးတိုးဝင်း နှင့် ဦးမောင်တိုးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတိုးဝင်း(ခ)ဦးမောင်တိုး**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊အကွက်အမှတ်(၅-ဂ)၊ ဈေးတန်း၊ ဦးပိုင်အမှတ်(၄-ဠ)၊ ဧရိယာ(၀ဒသမ၂၁၇)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်
(၄-ည+၈-က+၈-ဃ+၇-ဃ+၇-ခ+၆-ဃ)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၄-ဈ)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၅)
(ဃ) မြောက်လားသော် - ဗိုလ်မှူးဖိုးကွန်းလမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးအောင်အောင်ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၈)ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန**
**တောင်ငူမြို့**

## ဖခင်အမည်မှန်

တောင်ငူမြို့၊ (၂)ရပ်ကွက်၊ ညောင်ကိုင်းတက္ကသိုလ်လမ်း၊ အိမ်အမှတ် ၂/၁၈၇၁ တွင်နေထိုင်သည့် မအေးချမ်းမိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း (၇/တငန(နိုင်) ၁၁၃၇၀၂) ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း**

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ အမှတ် (၁) ဦးလူမောင်လမ်း၊ ကရင်အမျိုးသား ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးဝင်းမောင်၏သား မောင်အောင်မျိုးမင်း ၁၂/ထတပ (နိုင်)၀၆၆၈၉၆၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၁၅၀၅၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၁၃)၊ အကွက်အမှတ် (၃၆/စာရေးကုန်းရပ်)၊ ဦးပိုင်အမှတ်(၈၄/က၁)၊ မြေချိန်ဧရိယာ(၀ဒသမ၀၆၁)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၅၂၆-၅/၂၀၁၃-၂၀၁၄(အေ)ဖြင့် ဦးကွမ်ရေးဖန်(ခ) သောင်းစိန် ၁၃/လရန(နိုင်)၀၉၃၃၇၁+ဒေါ်ကူကျင်းလန်(ခ)ခင်လှ ၁၃/လရန (နိုင်)၀၉၄၄၇၀ အမည်ပေါက် မြေငှားဂရန်သည် သက်တမ်းကုန်ဆုံးသဖြင့် ထပ်မံအသစ် လျှောက်ထားလာရာ လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးကွမ်ရေးဖန်(ခ)သောင်းစိန် ၁၃/လရန(နိုင်)၀၉၃၃၇၁+ဒေါ်ကူကျင်းလန်(ခ)ခင်လှ ၁၃/လရန(နိုင်) ၀၉၄၄၇၀၏ မြေ ငှားဂရန် ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ နယ်မြေ(၁၂)၊ အကွက်အမှတ်(၃၆/စာရေးကုန်းရပ်)၊ ဦးပိုင်အမှတ်(၇၉/က)၊ မြေချိန်ဧရိယာ (၀ဒသမ၀၉၀)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၃၆-၅/၂၀၀၀-၂၀၀၁(အေ)ဖြင့် ဒေါ်မာထု ၁၃/လရန (နိုင်)၀၉၁၅၆၄အမည်ပေါက် မြေငှားဂရန်သည် သက်တမ်းကုန်ဆုံးသဖြင့် ထပ်မံအသစ် လျှောက်ထားလာရာ လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်မာထု ၁၃/လရန(နိုင်) ၀၉၁၅၆၄၏ မြေငှားဂရန် ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၆)ရပ်ကွက်၊ နယ်မြေ(၃)၊ အကွက်အမှတ် (၅၀/ပန်အုပ်ရပ်)၊ ဦးပိုင်အမှတ်(၈၁/၆က + ၈၁/၆ခ)၊ မြေချိန်ဧရိယာ(၀.၀၆၇)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၄၉၄-၅/၂၀၁၃-၂၀၁၄(အေ) ဖြင့် ဦးစိန်ဝင်း ၁၃/တယန (နိုင်)၀၁၆၃၀၆ အမည်ပေါက်မြေငှားဂရန်သည် သက်တမ်းကုန်ဆုံး သဖြင့် ထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးစိန်ဝင်း ၁၃/လရန (နိုင်)၀၁၆၃၀၆၏မြေငှားဂရန်ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၆)ရပ်ကွက်၊ နယ်မြေ(၁၁)၊ အကွက်အမှတ်၊ (ရေကန်တောင်ကွက်)၊ ဦးပိုင်အမှတ် (၇၉/၈၄) ၊မြေချိန်ဧရိယာ(၀.၀၇၉)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ်၊ ၆၉၄-၅/၂၀၁၃-၂၀၁၄(အေ) ဖြင့် ဦးစိုင်းအိုက်စိုင်း ၁၃/လရန(နိုင်)၀၂၈၀၂၄ အမည်ပေါက်မြေငှားဂရန်သည် သက်တမ်းကုန်ဆုံးသဖြင့် ထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၃၀)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါ ဦးစိုင်းအိုက်စိုင်းက ၁၃/လရန(နိုင်)၀၂၈၀၂၄ ၏ မြေငှားဂရန်ထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/2679, Toyota Belta SCP92 Sloon ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဖြိုးမြတ် ၁၂/ဒဂမ(နိုင်)၀၁၅၆၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/3707 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်မျိုး ၇/ပခန (နိုင်)၃၉၃၂၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ အမှတ်(၃၀)ရှိ မြေကွက်ပေါ်တွင် ကန်ထရိုက်တာနှင့် မြေရှင်တို့ အခန်းပေးအခန်းယူဆောက်လုပ်ရာမှ ကန်ထရိုက်တာအကျိုးခံစားခွင့်ရရှိသည့် ဆောက်လုပ်ဆဲ(၆)ထပ်တိုက်များ၏ တိုက်အမှတ်(၁) တတိယထပ်(ညာ)၊ တိုက်အမှတ်(၂) စတုတ္ထထပ်(ညာ)၊ တိုက်အမှတ်(၃)စတုတ္ထထပ်(ညာ)၊ တိုက်အမှတ် (၄) မြေညီထပ်(ညာ)တိုက်ခန်းတစ်ခန်းလျှင် အကျယ်အဝန်း (၁၄ x ၅၀) ပေရှိ တိုက်ခန်း (၄)ခန်းနှင့် ယင်းတိုက်ခန်းများနှင့်စပ်ဆိုင်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့အားကန်ထရိုက်တာ ဦးထွန်းနိုင် (၁၂/သဃက(နိုင်)၂၀၂၈၈၃)ထံ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်စိုး (၁၂/သဃက(နိုင်)၁၂၁၀၅၂)က ငွေအပြေအကြေပေးချေကာ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးအောင်** | **ဒေါ်ဖြူဝေလွင်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၄၃၁၉)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၁၀)** |
| **B.A.,P.G.D.L.,D.B.L.,** | **LL.B.,D.I.L.,D.I.P.L** |
| **W.I.P.O(Switzerland)** | |

**အမှတ်(၃)၊အခန်း(စီ-၆)၊သိန်းတစ်ရာကွန်ဒို၊ သော်ကလမ်း၊(င/ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ နွယ်သာကီ(၄)လမ်း၊ မြေကွက်အမှတ်(၅၃၇/က)၊ အလျား (၂၀) ပေ x အနံ (၆၀)ပေ ဒေါ်ညွှန့် ၁၂/ဥကမ(နိုင်)၀၄၄၇၆၃အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်၏ ခြေရင်းခြမ်း အလျား (၁၀)ပေ x အနံ (၆၀)ပေ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ဒေါ်ညွှန့်မှ တစ်ဆင့် အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဦးဖြိုးဝေအောင် ၁၂/သဃက (နိုင်)၁၉၀၇၃၂ ၊ ဒေါ်မေပရယ်ဦး ၁၂/ဥကမ(နိုင်)၁၉၈၂၄၅တို့မှ (၃၁-၈-၂၀၂၂) ရက်စွဲပါ အရပ်ကတိစာချုပ် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ် ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း မျိုးလုံးဝမရှိဘဲ မိမိကိုယ်တိုင်နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖြိုးဝေအောင်၊ ဒေါ်မေပရယ်ဦး**
**အမှတ်(၁၃၈)၊ ဥဒ္ဒနာ(၅)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၀၀၀၈၇၆၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RA-VI/ကွက်ပြင်-၆)၊ ဦးပိုင်အမှတ် (၈ဃ/၉၁)၊ မြေဧရိယာ(၀ဒသမ၀၈၃)ဧက (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နန်းမိုခမ်း ၉/မမန(နိုင်)၀၀၀၁၉၀ထံမှ ဒေါ်တင်တင်အေး ၁၄/ပသန(နိုင်)၀၂၉၀၄၇က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေး ချေခဲ့ပြီး ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါမြေကွက်/နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်တင်တင်အေး** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၁၄/ပသန(နိုင်)၀၂၉၀၄၇** | **တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဦးခိုင်မင်းဇံ (U ZNK 75041)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်-

ဦးခိုင်မင်းဇံနှင့် ဒေါ်ချိုချိုခိုင်(ခ)ဒေါ်ခင်ဦးချေ (၁၁/စတန(နိုင်)၁၂၉၉၂၃) တို့သည် (၁၂-၁၂-၂၀၁၇) ရက်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးခိုင်မင်းဇံနှင့် ဒေါ်ချိုချိုခိုင်(ခ)ဒေါ်ခင်ဦးချေတို့မှာ အတူနေထိုင်ပေါင်းသင်းခြင်း မရှိတော့သဖြင့် လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်သော အမှတ်(၁၈၆/၆၆၀)၊ သီရိမြိုင်(၉)လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ် (တိုက်ခန်းတစ်ခန်း)၊ အမှတ်(၃၀၂/က)၊ ညောင်ဦးလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (အဆောင်တစ်ဆောင်)၊ အမှတ်(၆၃၀/ခ)၊ အနော်ရထာလမ်း၊ ဗိုလ်တေဇပန်းခြံ၊ အမှတ်(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (အိမ်ခြံမြေ)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ မင်းထီးလမ်း၊ အမှတ်(၉ ၃/၈)၊ (၆၀'x၂၀') (အိမ်ခြံမြေ)၊ စသည့် ပိုင်ဆိုင်မှုအသီးသီးအား ကျွန်ုပ်၏မိတ်ဆွေခွင့်ပြုချက်မရရှိဘဲ ပေါင်နှံ ရောင်းချပေးကမ်းခြင်းများ မပြုလုပ်ပါရန်နှင့် ဤကန့်ကွက်ပြီးနောက်ပိုင်း ရောင်းချပေါင်နှံပေးကမ်းခြင်းများ ဆက်လက်ပြုလုပ်ပါက ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝိုင်းသူဇာ**
**တရားလွှတ်တော်ရှေ့နေ (၁၉၂၀၈)**
**LL.B, DIL, Dip in Public Speaker (CDTI),**
**IP Management (WIPO, Switzerland),**
**Executive Diploma in Business Law (LCU, Malaysia), Ph-09421029446**

| | |
|---|---|
| **ဦးကျော်စိုးနိုင်** | **ဒေါ်ရီရီချို** |
| **အထက်တန်းရှေ့နေ (၅၂၁၉၃)** | **အထက်တန်းရှေ့နေ (၅၆၇၅၈)** |
| **LL.B, Diploma in Eng, WIPO-Switz** | **Ph-09-752886158** |
| **Ph-09420512552** | |

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွှေဥမင်ဘုရားလမ်း၊ အမှတ်(၁၃)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၁၀)ပေxအနံ(၅၆) ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့်အတူ ရေမီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ခင်ဌေးရည်၊ (၁၂/ဥကမ(နိုင်)၀၃၂၉၂၀)မှ မိမိသာလျှင် တရားဝင်လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေဆိုင် အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းအိဖြူ (၁၂/ဥကမ(နိုင်) ၂၀၉၆၂၅)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။အဆိုပါ အိမ်မြေ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၈၀၅) ၂၉-၇-၂၀၁၆**
**အမှတ် (၄၈၃)၊ မြရတနာ (၁)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၇၀၅၃၅၂၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၄၉၇၉, Kenbo (CNC -125) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၉/အမရ(နိုင်)၀၃၀၁၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/76396, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူသက်ထွန်း ၉/အမရ(နိုင်)၁၂၂၉၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 51W/32719 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/3259 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈-U9)၊ လူနေရပ်ကွက်အမှတ် (အဆင့်မြင့်)၊ ဇေယျာသိဒ္ဓိလမ်း၊ မြေကွက်အမှတ် (၁၈၉)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှဲ့လှဲ့ဝင်း (ခ) ဒေါ်ခင်လှဲ့လှဲ့ဝင်း အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၈၀ x ၆၁) ပေ၊ ဧရိယာ (၀.၁၁၂) ဧက၊ (၄၈၆၀) စတုရန်းပေရှိ နှစ် (၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း (ခ) ဒေါ်ခင်လှဲ့လှဲ့ဝင်း (၁၂/လမတ(နိုင်)၀၂၂၀၅၂)မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော လင်ကင့်စိန် (ခ) ဦးထွန်းကြည် (၁၂/လမတ(ဧည့်)၀၀၀၂၄၅)နှင့် ဦးထွန်းလင်း (၁၂/လမတ(ဧည့်)၀၀၀၈၂၀) တို့မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်း အဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လင်ကင့်စိန် (ခ) ဦးထွန်းကြည်နှင့် ဦးထွန်းလင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက (ခွဲ) စကြီးကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မောင်အောင်ဖြိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးကြည်ဆွေလွင် ၈/မထန(နိုင်) ၀၉၂၉၀၉ဖြစ်ပါကြောင်း။

**ဦးကြည်ဆွေလွင်**

## အမည်ပြောင်း

အောင်လံမြို့နယ်၊ ငါ့ပြင်းကျေးရွာ အထက(ခွဲ)ကျောင်း Grade-8 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမြင့်စိုး ၈/အလန(နိုင်) ၁၀၂၃၉၃၏ သား မောင်ဘုန်းမြတ်ပိုင်အား မောင်မင်းမင်းသန့် မွေးသက္ကရာဇ် (၂၁-၃-၂၀၁၀)ဖြစ်ပါကြောင်း။

**မောင်မင်းမင်းသန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/81950 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၇/ပခန(နိုင်) ၃၇၀၀၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

(ဘ)ဦးအေးကျော် ၁၂/သကတ (နိုင်)၁၂၅၆၇၆-(မိ) ဒေါ်သိန်းသိန်းအေး ၁၂/မရက(နိုင်)၁၃၅၆၄၈ တို့၏သား မောင်နန်းဦးလတ် ၁၂/ရပသ(နိုင်)၁၀၄၄၉၇ သည် မိဘ၏ သွန်သင်ဆုံးမခြင်းကို မနာခံပဲ မိမိသဘော ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

**မိဘ- ဦးအေးကျော်-**
**ဒေါ်သိန်းသိန်းအေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဓာတ်ခွဲခန်းတွင် တပ်ဆင်ရန် 16KW Solar System(2 Sets) နှင့် 30KW Solar System(1Set) ဝယ်ယူ ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၁၀-၂၀၂၅ရက်မှ ၂၃-၁၀-၂၀၂၅ရက်အထိ(ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၄-၁၀-၂၀၂၅ရက် ၊ (၁၃:၀၀)နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၂၁၀၊ ၀၆၇-၄၁၀၅၁၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၈၈၂)၊ တတိယထပ်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်ခိုင် (၁၂/ဥကမ(နိုင်)၂၂၆၀၀၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Attractiveness ၏ Founder Etiquette Coach အဖြစ် ဂုဏ်သိက္ခာရှိစွာဖြင့် အလုပ်လုပ်ကိုင်နေသော ဒေါ်အိမွန်ခိုင်အား ဆက်သွယ်ရေးလူမှုကွန်ရက်စာမျက်နှာနှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းများ၊ မီဒီယာများ၌ ခိုင်မာသေချာမှုမရှိဘဲ အခြေအမြစ်မရှိ မဟုတ်မမှန်စွပ်စွဲခြင်း၊ Commentများ ရေးသားခြင်း၊ Shareခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေမည့် အရေးအသားများ ရေးသားခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ စွပ်စွဲလုပ်ဆောင်နေလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေအား ဆက်သွယ်ရေးလူမှုကွန်ရက်စာမျက်နှာများနှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းများတွင် ဂုဏ်သိက္ခာကျဆင်းစေမည့် အရေးအသားများရေးသားခြင်း၊ မီဒီယာများတွင် မဟုတ်မမှန်ဖြေဆိုခြင်း၊ ခိုင်မာသေချာမှုမရှိဘဲ စွပ်စွဲခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွားထိခိုက်စေရန်ရည်ရွယ်၍ တစ်နည်းနည်းဖြင့် အား ထုတ်လုပ်ဆောင်ခြင်းများ မပြုလုပ်ရန် အသိပေးတားမြစ်လိုက်သည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေအား ဆက်သွယ်ရေးလူမှုကွန်ရက်တစ်ခုခုကို အသုံးပြုကာ အသရေဖျက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်၍ ရေးသားဖော်ပြခြင်း၊ မျှဝေခြင်းများပြုလုပ်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အိမွန်ခိုင်**
**(၁၂/ဥကမ(နိုင်)၂၂၆၀၀၈)**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄)**
**တိုက်အမှတ်(၁၆၁/ခ)၊ မြေညီထပ်၊**
**မင်းရဲကျော်စွာ(၆)လမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၅၀၀၅၄၅၉၁**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1546 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးဇော်မျိုးထိုက်၏သား၊ တာချီလိတ်မြို့၊ မကာဟိုခမ်း(အထက)ကျောင်း Grade-3 (C)မှ မောင်ကောင်းမြတ်ဇော်၏ မွေးသက္ကရာဇ်အမှန်မှာ (၃-၉-၂၀၁၇) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ (၂၂)ကွက်နေ သား မောင်ချစ်ကိုလှိုင်၊ မောင်သက်ဇော်လင်းတို့၏ ဖခင် ဦးသိန်းထိုက်နှင့် ဦးသိန်းဝင်း နိုင်၈/ခမန(နိုင်)၁၆၂၅၃၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျေးရွာအမည်(ရပ်ကွက် ၃)၊ ကွင်းအမှတ်-၅၉၀/B (ဂ)၊ ကွင်းအမည်-မှော်ဘီရွာမ၊ ဦးပိုင်အမှတ်(၆/၂)၊ အမှတ်(၂)ရပ်ကွက်၊ နတ်စင်လမ်း၊ မြေကွက်အမှတ်(၅၉၀)၊ (၁.၆၀)ဧကထဲမှ တရားဝင်မခွဲစိတ်ရသေးသော ( ၅၀ x ၂၄၀) ပေအကျယ် ရှိသော ဒေါက်တာမြတ်မိုရ်၊ ဒေါ်ခင်စန်းယုတို့ အမည်ဖြင့် မြေခွန်ပြေစာထွက်ထားသော ဥယျာဉ်ခြံမြေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးသိုက်ဦး (၁၂/ကမတ(နိုင်)၀၀၂၆၆၀)၊ ဒေါ်သဇင်မြတ်ယု(၁၂/သဃက(နိုင်)၀၀၅၁၆၆)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ရီရီခိုင်(၁၂/လမန(နိုင်)၀၀၂၈၃၄) ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက် အတွင်း တိကျခိုင်လုံ သောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်မွန်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၆၀၅/၂၀၁၅)**

**ဒေါ်ကြည်လပြည့်ဝန်း**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၉၄၆၄/၂၀၂၄)**

**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ -၇၉၅၃၄၇၅၃၊ ၀၉-၇၉၃၃၇၃၂၃၂**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၇ နှင့်ဆက်သွယ်သည့်
## ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၄

ဒေါ်လဲ့လဲ့ဝင်း နှင့် ဒေါ်ခင်ဝင်း
(တရားနိုင်) (တရားရှုံး)

ဒေါ်ခင်ဝင်း ၊ အမှတ်(ည/၁၂၂၂)၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့နေသူ (ယခုနေရပ်လိပ်စာ မသိသူ) အားသိစေရမည်။

၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၂၄ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ (၂၈)လမ်း၊ အမှတ်(၂၀၈)နေ (ဘ)ဦးမြသောင်း၏သား ဦးဇော်ဇော်အောင် ၇/ကဝန(နိုင်) ၀၈၅၁၁၇မှ နေထိုင်ပိုင်ဆိုင်လျက်ရှိနေသော ရုံးကြီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅-စီ)၊ ဦးပိုင်အမှတ် (၁၄ᶜ+၁၇ᵏ)၊ ဧရိယာ(၀ဒသမ၀၃၁)ဧကရှိ ဘိုးဘပိုင်မြေအမည်ပေါက် ဦးမြသောင်း+ ဦးဇော်ဇော်အောင်ပိုင်ဆိုင်လျက်ရှိနေသော မြေကွက်မှာ ဦးမြသောင်း ကွယ်လွန်သွားပြီးဖြစ်ပါသောကြောင့် ဦးဇော်ဇော်အောင်အမည်ဖြင့် အမည်ပြောင်းလဲပေးရန် သက်ဆိုင်ရာဌာနများသို့ လျှောက်ထားပြီးဖြစ်ပါ၍ ဤကြေညာပါသည့် ရက်မှ (၁၅)ရက်အတွင်း အထက်ပါလိပ်စာအတိုင်း လာရောက်ကန့်ကွက်နိုင် ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်အောင်**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၈/စည်းခုံရပ်)၊ ဦးပိုင်အမှတ်(၁၅၀)၊ မြေဧရိယာ(၀ဒသမ၀၆၄)ဧကအား ဒေါ်လဆန်လုဘူ ၉/မမန(နိုင်)၀၅၆၄၅၈မှ ဂရန်သက်တမ်းတိုးရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉/က၊ မြေကွက်အမှတ်-၂၅/ခ၊ မြေကွက် တည်နေရာအမှတ်-၂၅/ခ၊ မောင်းမကန်လမ်း၊ ၁၉/က-ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးဇော်ဇော် (၁၂/ဥကတ(နိုင်)၁၃၂၁၁၃)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးဇော်ဇော်ခင်ပွန်းဖြစ်သူသည် (၂၉-၇-၂၀၂၃)ရက်တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းကြည် (၁၂/ဒဂတ(နိုင်)၁၁၅၅၆၄) နှင့် ၎င်းတို့၏ သားသမီး (၃)ဦးဖြစ်သူ (၁)ဦးဇော်ဝင်း (၁၂/ဒဂတ(နိုင်)၁၁၇၉၂)၊ (၂)ဒေါ်အေးဇာခြည်ဝင်း (၁၂/ဒဂတ(နိုင်)၁၁၇၉၁၀)၊ (၃)ဦးဇော်မင်း (၁၂/ဒဂတ(နိုင်)၁၁၇၉၁၁) တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးနှင့်သားသမီးများဖြစ်ကြောင်း၊ အခြားသောဇနီးမယားနှင့် သားသမီးများလည်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူ ဦးဇော်ဇော်သည် အစ္စလာမ်ဘာသာကို ကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဇနီး/သားသမီးများကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကတိသစ္စာပြုလွှာအမှတ်- ၃၄၆/၂၀၂၄(၁၁-၁၁-၂၀၂၄)၊ အသိသက်သေနှစ်ဦးတို့၏ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ ဦးဇော်ဇော်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ ရိုးမဘဏ်လီမိတက်တောင်ဒဂုံဘဏ်ခွဲ၏ (၂၄-၄-၂၀၂၅) ရက်စွဲပါ စာအမှတ်၊ ရမဗ/ဒဂတ/ချေးငွေ/၀၂၁/၂၀၂၅-၂၆ ၏ဘဏ်မှကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အအုံရှိကိုယ်တိုင်နေ၍ ဆိုင်ဖွင့်ထားပြီး ဒေါ်ခင်ဝင်းကြည်၊ ဒေါ်အေးဇာခြည်ဝင်း၊ ဦးဇော်မင်းတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ခင်ဝင်းကြည်+၃ တို့၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/83381 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဦး ၇/ဝမန(နိုင်) ၁၄၈၃၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/68985 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဦး ၇/ပခန(နိုင်)၃၃၀၄၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
